ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (3-2-2008) (၅၅၈၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း ကွန်ပျူတာပညာရှင်များအသင်းနှင့် ဆင္ဌမအကြိမ်မြောက် ကွန်ပျူတာနည်းပညာပြပွဲ တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မန္တလေးတောင် ဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိလာကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆုတောင်းပြည့်စေတီတော်အရှေ့ဘက်မုခ်ရှိ ကကုသန်ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရင်ပြင်အမိုးပေါ်ရှိ ထပ်ပိုးလွှာခင်းထားမှုများ၊ ပြုပြင်ဆောင်ရွက်ရန်ရှိသည်များကို ကြည့်ရှုစစ်ဆေးပြီး အောင်မြေသာစံမြို့နယ် အမှတ်(၁၂)လမ်းမှ အိုးဘိုအထိ အရှည်ပေ ၅၆၃၀၊ အကျယ်ပေ ၂၀ ရှိသည့် အမှတ်(၇၆)လမ်းအား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးမြို့တော် ခန်းမ၌ ကျင်းပသော

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အောင်မြေသာစံမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အင်တာနက်ကျန်းမာရေးသတင်း

ဆေးခြောက်သည် စီးကရက်ထက် ကင်ဆာဖြစ်ရန် အလားအလာပိုများ

ဟောင်ကောင် ဖေဖော်ဝါရီ ၂

ဆေးခြောက်ပါသော စီးကရက်တစ်လိပ်သောက်သုံးခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ကင်ဆာရောဂါအလားအလာသည် စီးကရက်အလိပ် ၂၀ သောက်သုံးခြင်းနှင့် ညီမျှကြောင်း နယူးဇီလန်သုတေသီများက ယခုသီတင်းပတ်အတွင်း ထုတ်ဖော်ကြေညာသည်။

စီးကရက်သောက်သုံးခြင်းသည် အဆုတ်ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ကြောင်း ယခင်လေ့လာမှုများအရ သိရှိထားပြီးဖြစ်သော်လည်း ဆေးခြောက်နှင့်ပတ်သက်သည့် လေ့လာတွေ့ရှိမှု နည်းပါးနေသည်။

ဆေးခြောက်မှ အခိုးအငွေ့များသည် အသက်ရှူလမ်းကြောင်းရှိ လေပြွန်များကို စီးကရက်ထက်ပို၍ ထိခိုက်ပျက်စီးစေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဆေးခြောက်အခိုးအငွေ့များတွင် ပေါ်လီအေရိုမက်တစ် ဟိုက်ဒြိုကာဗွန်များ အများအပြား ပါဝင်နေသောကြောင့်ဖြစ်သည်။ ထိုပစ္စည်းများသည် ကင်ဆာရောဂါဖြစ်ပွားမှုကို အားပေးသော ပစ္စည်းများဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ●

ကြေးမုံ The Mirror **ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း**

အီရတ်၌ ဗုံးပေါက်ကွဲ၍ ၆၀ကျော် သေဆုံး
နိုင်ငံတကာသတင်းများ စာမျက်နှာ–၄၊၅

"ကျွန်အဖြစ် နွံမနစ်ကြစေဖို့ (သို့မဟုတ်) သွေးခွဲအနိုင်ယူမခံရစေဖို့"
လှိုင်အောင်၏(ဆောင်းပါး) စာမျက်နှာ–၆

မှုခင်းသတင်းများ စာမျက်နှာ–၁၂

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃-၂-၂၀၀၈
(တနင်္ဂနွေနေ့)

နယ်စပ်ကုန်သွယ်မှု ဟန်ချက်ညီညီမြှင့်တင်ဆောင်ရွက်

မျက်မှောက်ကာလတွင် နိုင်ငံတကာ၌ စီးပွားရေး တိုးတက်စေရန် အပြိုင်အဆိုင် ကြိုးစားအားထုတ်နေကြသည်။ သဘာဝ သယံဇာတ ပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သီးနှံနှင့်သားငါးများ တိုးမြှင့်ထုတ်လုပ်ကြပြီး နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ရောင်းချနေကြသည်။

ယင်းသို့သော အခြေအနေအချိန်အခါတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုဖြင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာနေစေရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်သွယ်မှုလုပ်ငန်းသည် အဓိက ကဏ္ဍမှ ပါဝင်လျက်ရှိရာ နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်တို့ကို ချုပ်ဆို၍ ကုန်သွယ်မှုမြှင့်တင်ရေး ဖော်ဆောင်လျက်ရှိသည်။

နယ်စပ်ကုန်သွယ်မှုစနစ်မှ နယ်စပ်ဖြတ်ကျော်ပုံမှန် ကုန်သွယ်မှုစနစ်သို့ ကျင့်သုံးလျက်ရှိရာ ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်သည့် လုပ်ငန်းရှင်များအတွက် ရေရှည်အကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။ ကုန်သွယ်မှုလုပ်ငန်းကို ပင်တိုင်လုပ်ကိုင်နေသူ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထွက်ကုန်ပစ္စည်းများ အရည်အသွေးကောင်းကောင်း၊ အဆင့်အတန်းမြင့်မြင့် တင်ပို့ရောင်းချနိုင်ရေး၊ ဈေးကွက်ခိုင်မာမှုရှိရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံ၏ ထွက်ကုန်များကို တိုက်ရိုက်ကုန်သွယ်မှုပြုနိုင်သည့် မူဆယ်မြို့ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ကို ထူထောင်ပေးထားရာ ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့် စသည့် ရေထွက်ပစ္စည်းများ၊ စက်မှုကုန်ချော ပစ္စည်းနှင့် ပြောင်း၊ ပဲတီစိမ်း၊ ငရုတ်ကောင်း၊ ရော်ဘာ၊ ဝဥခြောက် စသည်တို့ကို တင်ပို့လျက်ရှိသည်။ ယခုအခါ On Line ကုန်တင်ယာဉ်ချိန်စက်များ အသုံးပြုနေသဖြင့် ပို့ကုန်သွင်းကုန် ပစ္စည်းများ အလေးချိန် တိကျစွာသိရှိပြီး လွယ်ကူစွာ ရောင်းဝယ်နိုင်လျက်ရှိသည်။

အလားတူ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်ကို တည်ဆောက်လျက်ရှိပြီး အအေးခန်းစက်ရုံနှင့် ဆိုင်ခန်းများ၊ ကုန်စည်ပို့ဆောင်ရေး၏ အဓိက လမ်းပိုင်းများ၊ တံတားများ တည်ဆောက်ပြင်ဆင်လျက်ရှိရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

နိုင်ငံခြားကုန်သွယ်မှုတွင် ထွက်ကုန်များကို ပင်လယ်ထွက်ပေါက်မှသာမက နယ်စပ်ကုန်သွယ်ရေးဇုန်များဖြစ်သည့် စီးပွားရေး တံခါးပေါက်များမှလည်း တိုက်ရိုက်ကုန်သွယ်မှုပြုနိုင်ပြီဖြစ်ရာ စီးပွားရေး လုပ်ငန်းရှင် ကုန်သည်များနှင့် ဝန်ထမ်းများက ဟန်ချက်ညီညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် စီးပွားရေး တိုးတက်ဖြစ်ထွန်းမှု အကျိုးရလဒ်များ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ ။

တတိယအကြိမ် ထွန်းဖောင်ဒေးရှင်း စာပေဆုယှဉ်ပြိုင်ရန်ဖိတ်ခေါ်

ရန်ကုန် ဖေဖော်ဝါရီ ၂

တတိယအကြိမ် ထွန်းဖောင်ဒေးရှင်း စာပေဆုများအတွက် ယှဉ်ပြိုင်လိုသော ၂၀၀၇ခုနှစ် ထုတ်ဝေသည့် စာအုပ်များနှင့် ရက်စွဲအကန့်အသတ်မရှိစာမူတို့ကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ထွန်းဖောင်ဒေးရှင်း စာပေကော်မတီ အမှတ်(၅၃/၆၁)သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ဗိုလ်တထောင်မြို့နယ် ရန်ကုန် ဖုန်း-၂၉၁၈၈၁ သို့ ပေးပို့နိုင်သည်။

အကျုံးဝင်သည့် ဘာသာရပ်များမှာ စီးပွားရေး၊ ကျန်းမာရေး၊ သမိုင်း၊ ယဉ်ကျေးမှု၊ အတ္ထုပ္ပတ္တိ၊ ရှေးဟောင်းစာပေ၊ ရည်ညွှန်းစာပေ၊ ကလေးနှင့် လူငယ်ဆိုင်ရာတို့ဖြစ်ပြီး အင်္ဂလိပ်၊ မြန်မာ နှစ်သက်ရာဘာသာဖြင့် ရေးသားတင်သွင်းနိုင်သည်။

ဆုရစာမူများအတွက် ထွန်းဖောင်ဒေးရှင်း စာပေကော်မတီမှ စာပေစိစစ်ရေးဌာန၏ ခွင့်ပြုချက်ရယူလျက် စာအုပ်အဖြစ် သီးခြားဉာဏ်ပူဇော်ခ ချီးမြှင့်ပြီး ထုတ်ဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် ပြည်သာယာ(တာမွေလေးသံလမ်းအနီး)ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၆)လမ်းနေ ကောင်းဆေးစတိုး၏ မိခင်ကြီး ဒေါ်ရှုလွမ် မိသားစုက ငွေကျပ် တစ်သိန်းကျော် တန်ဖိုးရှိ ဆေးမျိုးစုံလှူဒါန်းရာ ဆေးခန်းအကျိုးဆောင် ဒေါက်တာ တင်ထွန်း လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား	
	★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
	★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင်များ၊ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံနှင့် ကြီးကြပ်သူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းသည် အသင်းဝင်များအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွင် ပိုမိုထိရောက်စွာ အလုပ်အကျွေးပြုနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးသည့် သင်တန်းများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း။

အသင်းကြီးအနေနှင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်မှတစ်ပါး အခြားလမ်းမရှိဟု ပြတ်သားစွာ ယုံကြည်ထားပြီး ဖြစ်သည့်အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မပြတ်သော သတိနှင့် ကိုယ်တိုင်တက်ကြွစွာ ကျရာကဏ္ဍက ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နေကြသကဲ့သို့ လူထုတစ်ရပ်လုံး ပါဝင်လာစေရန် စည်းရုံးရေးနည်းလမ်းဖြင့် အထောက်အကူပြုကြရေးကိုလည်း အလေးအနက်မှာကြားလိုကြောင်း။

မြန်မာနိုင်ငံအား မြန်မာနိုင်ငံသားများကသာ အချစ်ဆုံးဖြစ်ပြီး မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကိုလည်း မြန်မာနိုင်ငံသားများကသာ အသိဆုံးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ပကတိ တိုးတက်ပြောင်းလဲမှုများကို မျက်ကွယ်ပြုပြီး လိုရာဆွဲကာ တွေးခေါ်လုပ်ဆောင်နေမှုများ၊ မီဒီယာအသာစီးရမှုအပေါ် အခွင့်အရေးယူပြီး ပြည်တွင်းရေးကို ဒေသအရေး၊ ကမ္ဘာ့အရေးဖြစ်အောင် ကြိုးပမ်းနေမှုများသည်လည်း အကျိုးမဲ့သည့် လုပ်ရပ်များသာ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အရေးအရာကိစ္စများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများဖြေရှင်းနိုင်သော ပြည်တွင်းရေးများသာ ဖြစ်သည်ဟု ခံယူထားပြီးဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် မှန်ကန်သည့် စေတနာနှင့် အပြုသဘောဆောင်သော လုပ်ဆောင်မှုများကို လက်ကမ်း ကြိုဆိုမည်ဖြစ်ကြောင်း၊ ဘက်လိုက်စွက်ဖက်မှုများနှင့် စေတနာမမှန်သည့် အဖျက်လုပ်ရပ်များသည် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အဟန့်အတားများ ဖြစ်သည်ဟု ခံယူပြီး ပြည်သူများနှင့် လက်တွဲတားဆီးသွားမည်ဖြစ်ကြောင်း၊ အခြေအနေမှန်များကိုလည်း ပြည်သူများ သိအောင်ရှင်းလင်း အသိပေးသွားကြရေးကိုလည်း မှာကြားလိုကြောင်း၊ အသင်းဝင်များအနေနှင့် ပြောင်းလဲဖြစ်ပေါ်နေမှု အခြေအနေများကို မှန်ကန်စွာ ရှုမြင်သုံးသပ်ပြီး မိမိရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းကြီး၌ မှန်ကန်သောအသိ၊ မပြတ်သောသတိ၊ စွန့်လွှတ်စွန့်စားရဲသော သတ္တိစိတ်ဓာတ်ဖြင့် တိုးမြှင့်ဆောင်ရွက်သွားကြရေးကိုလည်း တိုက်တွန်းလိုကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၀၁ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မဲပလီကျေးရွာ ခုနစ်ရက်စခန်းပွဲနှင့် ရဟန်းခံ သီလရှင်ဝတ်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာ အောင်သိဒ္ဓိကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၁၀၂) အတွင်း နှစ်စဉ် ကျင်းပအပ်သော ခုနစ်ရက်တရားစခန်းပွဲနှင့် ရဟန်းခံ သီလရှင်ဝတ်ပွဲကို (၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက်မှ တပို့တွဲလဆန်း ၅ ရက်) ဖေဖော်ဝါရီ ၄ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကြီး၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ ရွှေရတနာ ဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိက အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကောဝိဒ (မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စ သမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ ရဟန်းခံ သီလရှင်ဝတ်လိုသူ မည်သူမဆို ဦးအောင်မြင့်-ဒေါ်ထွေးကြည် တို့က သင်္ကန်းပရိက္ခရာစုံ လှူဒါန်းပေးမည်ဖြစ်ပါ၍ မည်သူမဆို စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် MCEA အသင်းရုံးချုပ် စုဝေးခန်းမ အမှတ် ၃(က) ဘော်စင်လမ်း ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့် သုဝဏ္ဏ လမ်းဆုံ၌ ကျင်းပမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းပြပွဲလည်း ပါဝင်မည်ဖြစ်သည်။ အသင်းဝင်များ စုံညီစွာ တက်ရောက်ကြပါရန်နှင့် အသင်းဝင်များအနေဖြင့် အလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုပါက အသင်းရုံးချုပ်တွင် ပုံစံယူ၍ ဖြည့်စွက်ပေးပို့ပါရန်နှင့် အကြံပြုဆွေးနွေးလိုပါကလည်း စာဖြင့် ရေးသားလျက် နှစ်ပတ်လည်အစည်းအဝေးရက်မတိုင်မီ တစ်ပတ်ကြိုတင်၍ အသင်းရုံးသို့ ပေးပို့ပါရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ခင်ပွန်းသည်ကို ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက် တေဇလမ်းနေ ဒေါ်ကြည်ကြည်ဝင်းနှင့် သားသမီးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ထူးချွန်ဆုရရှိကြသူများအား ဆုများကိုချီးမြှင့်ရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်ကချီးမြှင့်သည့် စီမံထူးချွန်တံဆိပ်(တတိယဆင့်) ရရှိသော တောင်ငူမြို့ ပဲခူးတိုင်း (အရှေ့ပိုင်း)ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်၊ ပြည်မြို့ ပဲခူးတိုင်း (အနောက်ပိုင်း)ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးမောင်မောင်အေး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်)ရ မန္တလေးတိုင်းချမ်းမြသာစည်မြို့နယ်ရုံးမှ ရုံးစောင့်ဝန်ထမ်း ဦးတင်မြင့်၊ စံပြခရိုင်ရုံးဆုရ ဧရာဝတီတိုင်း ပုသိမ်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းရွှေ၊ စံပြမြို့နယ်ရုံးဆုရ ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးမောင်မောင်ညွန့်နှင့် သတင်းစာများ၌ သတင်းအများဆုံးဖော်ပြနိုင်သည့် ပြည်နယ်/တိုင်းဆုရ ပြည်နယ်/တိုင်းရုံးများကိုယ်စား မန္တလေးတိုင်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ထူးချွန်ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များအား ချီးမြှင့်ငွေကျပ် ၁၇၀၀၀၀နှင့် နေပြည်တော် မြို့မ၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးတို့တွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ချီးမြှင့်ငွေ ကျပ် ၂၉၀၀၀၀ စုစုပေါင်း ငွေကျပ် ၄၆၀၀၀၀ တို့ကို စစ်ကိုင်းတိုင်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က Media လုပ်ငန်းများ သွက်လက်ထက်မြက်စွာ အများဆုံးဆောင်ရွက်နိုင်သည့် ခရိုင်ရုံးနှင့် မြို့နယ်ရုံးများဆုရ ခရိုင်ရုံးနှင့် မြို့နယ်ရုံးများကိုယ်စား ပဲခူးခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်လှလှ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရေးဆောင်ရွက်နိုင်မှုဆုရ ရုံးများကိုယ်စား ဧရာဝတီတိုင်း မြောင်းမြမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ရီရီလွင်၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားဖမ်းစက်ရရှိရေး အများဆုံး စည်းရုံးဆောင်ရွက်နိုင်မှုဆုရ ရုံးများကိုယ်စား ဧရာဝတီတိုင်း ဖျာပုံမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးစန်းဝင်း၊ ငွေစာရင်းလချုပ် အချိန်မှန်မှန် ပေးပို့နိုင်မှုဆုရ ခရိုင်များကိုယ်စား မကွေးတိုင်း သရက်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဝင်းမြိုင်၊ စာပေ၊ အားကစား၊ အနုပညာသင်တန်းနှင့် ပညာရည် ထူးချွန်ဆုရရှိသူများကိုယ်စား တပ်မတော်ဆေးတက္ကသိုလ်မှ အလုပ်သင်ဗိုလ် ချမ်းငြိမ်းသူနှင့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေ ကျပ် ၂၈၄၇၀၀၀ ကို ဦးစီးအရာရှိ(ငွေစာရင်း) ဦးတင်ဝင်းတို့အား ဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းအခမ်းအနားတွင် ဝန်ထမ်းများအား လုပ်ငန်းထူးချွန်ဆု ၅၉ဆုနှင့် စာပေ၊ အားကစား၊ အနုပညာ၊ သင်တန်းနှင့် ပညာရည်ထူးချွန်ဆု ၃၈ဆု စုစုပေါင်း ၉၇ဆုတို့ကို ချီးမြှင့်သည်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရေး ဆောင်ရွက်နိုင်မှု ဆုရရုံးများကိုယ်စား ဧရာဝတီတိုင်း မြောင်းမြမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ရီရီလွင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊
မပဲ့စေကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်များထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ အောက်ပါစာအုပ်များထုတ်ဝေဖြန့်ချိလိုက်သည်–

(၁) စစ်ကိုင်းစိမ်းစိမ်း၏ **"ရေမြေခြားပေမယ့် စိတ်ထားကမြန်မာ"**

တိုင်းတစ်ပါးသို့ရောက်ရှိနေသော မြန်မာအမျိုးသမီးတစ်ဦး၏ ပင်ကိုရေးဝတ္ထု ဆောင်းပါးများဖြစ်သည်။ ဝတ္ထု ဆောင်းပါး(၁၂)ပုဒ်ကို စာရေးဆရာအမေ့သားက အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရေးသားထားပြီး ပြည်ပသို့ရောက်ရှိနေသော်လည်း မြန်မာအမျိုးသမီးတစ်ဦး၏ အမိမြေကို ချစ်မြတ်နိုးစိတ်၊ လွမ်းတစိတ်များနှင့် အမိနိုင်ငံ၏ ချစ်မြတ်နိုးဖွယ်ဓလေ့ ထုံးစံများကို ဖွဲ့နွဲ့ထားသည်။ မြန်မာမှုမြတ်နိုးသော မြန်မာမလေးတစ်ဦး၏ ရင်တွင်းခံစားချက်လည်းဖြစ်ပေသည်။ ဂူဖရီစက္ကူချော၊ အပ်ကပ်အဖုံးရောင်စုံ၊ အတွင်းသရုပ်ဖော်များဖြင့် လှလှပပ ထုတ်ဝေထားသည်။

(၂) တင်မြင့်၏ **"ရေစကြိုဆရာတော် အရှင်ဝရသမ္ဘောဓိ၏ ဘဝကထာနှင့် စာပေအလင်္ကာ"**

၂၀၀၅ခုနှစ် စာပေဗိမာန်စာပဒေသာပထမဆုရ စာအုပ်ဖြစ်သည်။ ဆရာတော်နှင့်ပတ်သက်သည့် ကဏ္ဍပေါင်း ၂၅ခု ပါဝင်သည်။ စာရေးသူ၏ ရှာဖွေစုဆောင်းနိုင်မှု၊ ကျမ်းပြုပုဂ္ဂိုလ်အပေါ် စာဖတ်သူကြည်ညိုလာအောင်၊ ထင်လာမြင်လာအောင်ရေးဖွဲ့ထားသဖြင့် စာစုသူတို့အတွက် လက်ကိုင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

(၃) **"ပုဂံမြေစာပေဝိုင်း"**

ပုဂံညောင်ဦးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကြိုးပမ်းမှုအမှတ်တရ စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် မဂ္ဂဇင်းတစ်စောင်သဖွယ် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများ ပါဝင်ဖွဲ့စည်းထားပြီး ပုဂံညောင်ဦးတစ်ဝိုက်ရှိ စာပေသမားများဖြစ်သော မင်းဘူးအောင်ကြိုင်၊ ဗိုလ်ချိုမြင့်ဆွေ၊ တင်ရီမ–ညောင်ဦး၊ တင်တင်ဝင်း–ဗိုလ်ချိုမြေ၊ အရှင်ဥတ္တရသာရ အပါအဝင် ကလောင်ရှင် ၃၀ခန့်က ဝိုင်းဝန်းအကောင်အထည်ဖော်ပြုစုထားသော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁) ဖုန်း–၃၇၄၅၃၂၊ ၅၂၉၊ ကုန်သည်လမ်း၊စာပေဗိမာန်အဆောက်အအုံ၊ ရန်ကုန်မြို့။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂) ဖုန်း–၇၂၅၅၃၀၊ အ–လ–က(၁)၊ ရန်ကင်းရှေ့နှင့် ရန်ကုန်၊ မန္တလေးမြို့များရှိ အခြားစာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃–၂–၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် –နောက်ဆုံးဆန္ဒ
၁:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ဒီလှိုင်းနှင့်အတူ (အပိုင်း–၁၅)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ပြည်ချစ်သူရဲကောင်း (အပိုင်း–၂၉)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

သန်လျင်အထက(၄) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

သန်လျင်မြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ကျောင်းခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး (မပျက်မကွက်) တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဆရာမဒေါ်တီဝင်းနှင့် ဆရာမဒေါ်စန်းစန်းဦး၊ ဦးမြင့်ထွန်း၊ ဦးလှမော် (မဟေသီစတိုး–မြို့မဈေး၊ သန်လျင်) ဖုန်း–၀၉–၅၀–၃၄၁၆၄နှင့် ပူဇော်ပွဲ ကျင်းပရေးကော်မတီဝင်များထံ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၂၇)

မက္ကစီကိုနိုင်ငံ မက္ကစီကိုစီးတီးမြို့တွင် အမေရိကန်နှင့် ချုပ်ဆိုထားသည့် အကောက်ခွန်မဲ့ လယ်ယာသွင်းကုန်များ တင်သွင်းခြင်းကို မကျေနပ်၍ ပြင်ဆင်ပေးရန်အတွက် ကန့်ကွက်ဆန္ဒပြနေသော လယ်သမားများကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန် စိုက်ပျိုးရေးထွက်ကုန် တင်သွင်းမှု မက္ကဆီကိုလယ်သမားများ ဆန့်ကျင်ဆန္ဒပြ

မက္ကစီကိုစီးတီး ဖေဖော်ဝါရီ ၁

ဈေးပေါသည့် အမေရိကန်လယ်ယာထွက်ကုန်များ တင်သွင်းမှုကို ဆန့်ကျင်သည့်အနေဖြင့် မက္ကဆီကိုလယ်သမားထောင်ပေါင်းများစွာတို့သည် ဇန်နဝါရီ ၃၁ ရက်က မက္ကဆီကိုမြို့တော်တွင်းသို့ ဝင်ရောက်လာပြီး လယ်ထွန်စက်တစ်စီးကို မီးရှို့ကာ ဆန္ဒပြခဲ့ကြသည်။

အမေရိကန်မြောက်ပိုင်း လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်စာချုပ်(နက်စ်တာ)အရလယ်ယာထွက်ကုန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်များကို ဇန်နဝါရီလတွင် ဖယ်ရှားပေးသည်။ သို့ဖြစ်၍ ပြောင်းနှင့်ပဲကဲ့သို့သော အမေရိကန်ဒေသ၏ အဓိကစားသုံးကုန်များသည် အမေရိကန်မှ မက္ကဆီကိုနိုင်ငံတွင်း ပထမဆုံးအကြိမ်အဖြစ် အခွန်အကောက်မရှိဘဲ တင်သွင်းခွင့်ရသွားသည်။

အမေရိကန်မှ စိုက်ပျိုးရေးထွက်ကုန်များ သက်ဆိုင်ရာ နိုင်ငံအစိုးရ၏ ပံ့ပိုးမှုရသဖြင့် ဈေးပေါနေခြင်းဖြစ်သည်။မိမိတို့ မက္ကဆီကို လယ်သမားများအား ဈေးပေါသော အမေရိကန်လယ်ယာသွင်းကုန်များ၏ယှဉ်ပြိုင်မှုမှ လုံလောက်စွာ အကာအကွယ်မပေးကြောင်း သမ္မတဖိလစ်ကလ်ဒါဂွန်၏ အစိုးရအဖွဲ့ကို လယ်သမားများက ပြစ်တင်ပြောကြားသည်။

ပြည်တွင်းစိုက်ပျိုးသူ လယ်သမားများ ရပ်တည်နိုင်ရေးအတွက် မက္ကဆီကိုအစိုးရအနေဖြင့်လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်ကို ပြန်လည်ညှိနှိုင်းပေးရန်လယ်သမားများကတောင်းဆိုကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့ဈေးတွင် ဗုံးပေါက်ကွဲ၍ ၆၅ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

ဘဂ္ဂဒက်မြို့ အိမ်မွေးတိရစ္ဆာန် ရောင်း ဝယ်သည့်ဈေးတွင် ဖေဖော်ဝါရီ၁ရက်က ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားရာ အနည်းဆုံး ၆၅ဦးသေဆုံးပြီး ၁၅၀ နီးပါး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက ပြောကြားသည်။

ပထမပေါက်ကွဲမှုသည် ယင်းနေ့ နံနက်ပိုင်းက ဘဂ္ဂဒက်မြို့လယ်ရှိ စည်ကားသော အယ်လ်ဂါဇီလ်ဈေး၌ အမျိုး သမီးတစ်ဦးက အသေခံ ဗုံးဖောက်ခွဲခြင်းဖြစ်ပြီး အနည်းဆုံး ၃၈ဦးသေဆုံး ပြီး ၈၂ဦး ဒဏ်ရာ ရရှိခဲ့သည်။

ယင်းဈေးတွင် လွန်ခဲ့သော နိုဝင်ဘာ ၂၃ရက်ကလည်း ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ၁၃ဦးသေဆုံးပြီး ၅၇ဦး ဒဏ်ရာရရှိခဲ့သည်။ ၎င်းတိုက်ခိုက်မှု၌ ငှက်များ သယ်ဆောင်သည့် သေတ္တာ အတွင်း ဗုံးထည့်သွင်း၍ ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ဒုတိယပေါက်ကွဲမှုသည် ဘဂ္ဂဒက်မြို့ တောင်ပိုင်းရှိ အိမ်မွေးတိရစ္ဆာန်ရောင်းသည့်ဈေးတွင် ပထမအကြိမ် ပေါက်ကွဲ မှုနှင့် မိနစ် ၂၀ ခန့်သာခြားပြီး ဖြစ်ပွားခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် ၂၇ဦးသေဆုံးပြီး ၆၇ဦး ဒဏ်ရာရရှိကြောင်း ၎င်းဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

လေယာဉ်ပြေးလမ်းချော်၍ လူတစ်ဦးသေဆုံး

ဂျကာတာ ဖေဖော်ဝါရီ ၁

အင်ဂျင်နှစ်လုံးတပ် လေယာဉ်တစ်စင်းသည် အင်ဒိုနီးရှားနိုင်ငံ ပါပူဝါပြည်နယ် လေယာဉ်ကွင်းသို့ ဗုဒ္ဓဟူးနေ့က ဆင်းသက်ရာ လေယာဉ်ပြေးလမ်းမှ ချော်ထွက်သွားခဲ့ပြီး လူတစ်ဦး သေဆုံးကာ အခြားလူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းအင်တာရာသတင်းဌာနက ပြောကြားသည်။

တွင်အော်တာ လေယာဉ်ပေါ်တွင် ခရီးသည် ၁၅ဦး လိုက်ပါလာပြီး လေယာဉ်မတော်တဆဖြစ်ရသည့် အကြောင်းရင်းကို သဲသဲကွဲကွဲ မသိရှိသေးပေ။

ပါပူဝါဒေသသည် ကုန်းလမ်း ဆက်သွယ်ရေးခက်ခဲမှုကြောင့် လေကြောင်းလမ်းကိုသာ အဓိက အမှီသဟဲပြုနေရသည့် ဒေသဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် ပြတ်တောက်သွားသော ဓာတ်အားလိုင်းများအား လုပ်သားများက ပြန်လည်တပ်ဆင်နေသည်ကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယာဉ်ပိတ်ဆို့မှုလျော့နည်းရေး ယာဉ်စီးရေလျှော့ချရန်စီစဉ်

စင်ကာပူ ဖေဖော်ဝါရီ ၁

စင်ကာပူအစိုးရက လမ်းပိတ်ဆို့မှုလျော့ပါးစေရန် စီစဉ်ဆောင်ရွက်သည့်အနေဖြင့် လက်ရှိ မော်တော်ယာဉ်စီးရေ တိုးတက်မှုနှုန်း ၃ရာခိုင်နှုန်းမှ ၂၀၀၉ ခုနှစ်အတွင်း ၁ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

စင်ကာပူဆက်သွယ်ရေးဝန်ကြီးဌာနကမြို့လယ်ဒေသတွင် အီလက်ထရွန်နစ်လမ်း ဈေးနှုန်းသတ်မှတ်မှု (အီးအာပီ)များ ပြုလုပ်မည်ဖြစ်ပြီး ယင်းအီးအာပီနှုန်းများကိုမြှင့်တင်ပြီးသယ်ယူပို့ဆောင်ရေးထိရောက်စေရန် ကိုင်တွယ်ဖြေရှင်းမည်ဟု ဆက်သွယ်ရေးဝန်ကြီးရေမွန်လင်က ကြေညာသည်။

ယင်းစရိတ် ကာမိစေရန်အတွက် စင်ကာပူအစိုးရက နှစ်စဉ်လမ်းအခွန်အကောက်ကို ၁၅ ရာခိုင်နှုန်းအထိ လျှော့ချမည်ဟု ၎င်းက ပြောကြားသည်။

စင်ကာပူအစိုးရက အမြန်လမ်းမကြီးနှစ်ခုကို ၁၂နှစ်တာ ကာလအတွင်း ဖောက်လုပ်ရန်အတွက် စင်ကာပူဒေါ်လာ ၁၀ဒသမ ၅ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆီးနှင်းမုန်တိုင်းဒဏ် ဟူနန်ပြည်နယ် အဆိုးရွားဆုံးခံရ

ပေကျင်း ဖေဖော်ဝါရီ ၂

တရုတ်နိုင်ငံ၌ နှင်းမုန်တိုင်းဒဏ်အဆိုးရွားဆုံးခံစားရသောဒေသမှာ ဟူနန်ပြည်နယ်ဖြစ်သည်။ ယင်းဒေသတွင် ပြတ်တောက်သွားခဲ့ရသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု အခြေအနေသည် ဖေဖော်ဝါရီ ၂ရက်နေ့မှစ၍ တစ်စိတ်တစ်ဒေသ ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံအမျိုးသားဓာတ်အား ကွန်ရက်အဖွဲ့(အင်ဂျီစီ)က ပြောကြားသည်။

ပို၍ဆိုးရွားလာ

နှင်းမုန်တိုင်းဒဏ် ပြင်းထန်မှုကြောင့် အချို့သော တရုတ်နိုင်ငံ၏ ဒေသများတွင် ဓာတ်အား ပြတ်တောက်နေခဲ့သည်မှာ ရက်ရက်ပင်ရှိသွားပြီဖြစ်သည်။

ဟူနန်ပြည်နယ်၏ ဒေသအတော်များများရှိ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများမှာ နှင်းများ အကျကြမ်းသည့်အတွက် သစ်ကိုင်းများ ကျိုးကျကာ ပြတ်တောက်ကုန်ခြင်း၊ တာဝါတိုင်များ ကျိုးကျခြင်းစသည့် အခြေအနေများနှင့် ကြုံတွေ့ရသည်ဟုအင်ဂျီစီအဖွဲ့မှဒုတိယညွှန်ကြားရေးမှူး ရင်ဂျီဂွန်က ပြောကြားသည်။ ဖေဖော်ဝါရီ ၁ ရက်က နှင်းများသည် ထပ်မံ ကျလာပြန်သည်။ နှင်းများကြောင့် နိုင်ငံအလယ်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ၏ အခြေအနေမှာ ပို၍ ဆိုးရွားလာသည်ဟု ဆိုသည်။

လူဦးရေလေးသန်းမျှ နေထိုင်သော ကွမ်ကျိုးမြို့မှာ ရေနှင့်လျှပ်စစ်မီး ပြတ်တောက်ခဲ့ရသည်မှာ ရှစ်ရက်ကြာရှိသွားပြီဖြစ်သည်။ ဟန်ယောင်နှင့်ယောင်ကျို့မြို့ကြီးများသည်လည်း ဓာတ်အားပြတ်တောက်မှုဒဏ်ကို ခံကြရသည်။

ကွမ်ကျိုးမြို့သည် ရာသီဥတု ဆိုးရွားမှုကြောင့် အသွားအလာ အဆက်အသွယ်များလည်း ပြတ်သွားခဲ့သည်။ သို့သော် အင်ဂျီစီမှ လုပ်သားများ၏ ကြိုးပမ်းမှုကြောင့် မြို့၏ဒေသအချို့ မီးပြန်လည်ရရှိပြီဖြစ်သည်။

ထိုမြို့ရှိ အရေးပါသော ဆေးရုံနှင့် စက်ရုံအလုပ်ရုံများတွင် လျှပ်စစ်ဓာတ်အားများ ဆက်လက်၍ ပေးနိုင်ရန် အရေးပေါ်ဓာတ်အားပေးစက် အချို့ကိုလည်း ပေးပို့ခဲ့သည်။ လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် လုပ်သားအင်အား ၁၇၀၀၀၏ အကူအညီဖြင့် ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ရေးစီစဉ်ကြိုးပမ်းလျက်ရှိသည်။ ***အင်တာနက်။***

မော်တော်ယာဉ်တစ်စီး ရေစီးထဲမျောပါ ခရီးသည်ခုနစ်ဦး ရေနစ်သေဆုံး

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁

ဘရာဇီးနိုင်ငံတွင် မော်တော်ယာဉ်တစ်စီးသည် စမ်းချောင်းတစ်ခုကို ဖြတ်သန်းမောင်းနှင်ရာမှ ရေစီးကြောင်းဖြင့် မျောပါသွားသဖြင့် လူကြီးငါးဦးနှင့် ကလေးငယ်နှစ်ဦးတို့ သေဆုံးကြောင်း ဒေသခံ သတင်းများအရ သိရှိရသည်။

ဘရာဇီးအရှေ့တောင်ပိုင်း မီနက်စ်ဂါရိုတ်ပြည်နယ် အရာကိုင်ဒေသတွင် တနင်္ဂနွေနေ့ညနေက ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

သေဆုံးသူများတွင် ယာဉ်မောင်းတစ်ဦး၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး၊ အသက်နှစ်နှစ်နှင့် ရှစ်နှစ်ရှိကလေးတို့ ပါဝင်ကြသည်။

ယာဉ်မောင်းက ပြည်နယ် မြို့တော်ဘယ်လိုဟော်ရေဇွန်တီမှ ကီလိုမီတာ ၆၀အကွာရှိပရာတာအမည်ရှိစမ်းချောင်းကို ဖြတ်သန်းစဉ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မော်တော်ယာဉ်မှာ ရေစီးထဲ မျောပါသွားခြင်းဖြစ်သည်။

မော်တော်ယာဉ်ပေါ်တွင် လူ ၁၃ ဦး လိုက်ပါလာသည်။ ရှိဆန်ဂီလာ အမည်ရှိသူ ခရီးသည်တစ်ဦးက မော်တော်ယာဉ် လေကာမှန်ကို ရိုက်ခွဲပြီး ကလေးငယ် ငါးဦးကို ကယ်ဆယ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်နိုင်ငံ ဝါဇီရစ္စတန်ဒေသ၌ ဖြစ်ပေါ်နေသော တိုက်ပွဲများကြောင့် ဘေးကင်းရာသို့ ရှောင်တိမ်းလာသော ပြည်သူအချို့ကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လော့စ်အိန်ဂျလိစ်တိုင်းသတင်းစာက မက်ကိန်းနှင့်အိုဘားမားကို ထောက်ခံ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂

အမေရိကန်နိုင်ငံ၏ အကြိုအခြေခံ သမ္မတရွေးချယ်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ရီပတ်ဘလီကန်ပါတီမှ ဆီးနိတ်အမတ် ဂျွန်မက်ကိန်းနှင့် ဒီမိုကရက်တစ်ပါတီမှ ဆီးနိတ်အမတ် ဘာရက်အိုဘားမားတို့ကို သမ္မတလောင်းအဖြစ် ထောက်ခံကြောင်း ဖေဖော်ဝါရီ ၁ ရက်တွင် လော့စ်အိန်ဂျလိစ်တိုင်းသတင်းစာက ရေးသားတင်ပြသည်။



ရီပတ်ဘလီကန်ပါတီတွင်း သမ္မတလောင်းရွေးပွဲ၌ ပါဝင်ယှဉ်ပြိုင်သူ ဆီနိတ်တာ ဂျွန်မက်ကိန်း။ *(ဓာတ်ပုံ-အင်တာနက်)*

ယင်းသတင်းစာသည် အမေရိကန်နိုင်ငံ အနောက်ဘက်ကမ်းခြေဒေသ၌ စောင်ရေ အများဆုံးထုတ်ဝေရသည့် ပျော့ပျောင်းသော သဘောထားရှိသည့် သတင်းစာတစ်စောင်ဖြစ်သည်။

မက်ကိန်းသည် ရှေးရိုးဆန်ပြီး သီးခြားရပ်တည်လိုသော သဘောထားရှိသူဖြစ်ကြောင်း၊ ၎င်းသည် အမေရိကန် လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ပြင်ဆင်လိုပြီး နိုင်ငံ၌ ခိုင်မာသော နိုင်ငံခြားရေးဝါဒတစ်ရပ်ရှိထားရန် လိုလားသူလည်းဖြစ်ကြောင်း သတင်းစာ၏ ဝေဖန်ချက်တွင် ဖော်ပြထားသည်။

မက်ကိန်း၏ အနီးကပ်ဆုံးပြိုင်ဘက်မှာ မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း မစ်ရွမ်နေးဖြစ်သည်။ ၎င်းသည် ညှဉ်းပန်းနှိပ်စက်မှုလုပ်ရပ်ကို ရှုတ်ချရန် ပျက်ကွက်ခဲ့သည်။ မိမိတို့အနေဖြင့် ၎င်းအား သဘောမတွေ့ရခြင်းမှာ ထိုအချက်ကြောင့်ပင် ဖြစ်သည်ဟု သတင်းစာက ရေးထားသည်။

လော့စ်အိန်ဂျလိစ်တိုင်းသတင်းစာက ဒီမိုကရက်တစ်ပါတီကို ကြည့်မည်ဆိုပါက အိုဘားမား သို့မဟုတ်ဟီလာရီကလင်တန်နှစ်ဦးစလုံးမှာ သမ္မတလောင်းများအဖြစ် သတ်မှတ်သင့်သူများဖြစ်သည်။ သို့သော် အိုဘားမားသည် ၎င်း၏ပြိုင်ဘက်ထက်ပို၍ ပြုပြင်ပြောင်းလဲမှုကို အလေးပေးသူတစ်ဦးဖြစ်သည်ဟု သတင်းစာက ဖော်ပြသည်။

အိုဘားမားသည် နိုင်ငံတွင် အပြောင်းအလဲ ဖြစ်လာစေရေးအတွက် ပို၍

ဒီမိုကရက်တစ် ပါတီတွင်း သမ္မတလောင်းရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ ဆီနိတ်တာ အိုဘားမား။ *(ဓာတ်ပုံ-အင်တာနက်)*

မျှော်လင့်ချက်ပေးနိုင်သူ တစ်ဦးဖြစ်သည်ဟု သတင်းစာက သုံးသပ်ရေးသားထားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာရေးရာသတင်းများ

ပီရူး၌ ရေတပ်သင်္ဘောပေါက်ကွဲမှုဖြစ် လူ ၁၅ ဦး ဒဏ်ရာရရှိ

လီမာ ဖေဖော်ဝါရီ ၁

ပီရူး ရေတပ်သင်္ဘောတစ်စင်း ပေါက်ကွဲမှုများဖြစ်ပြီး မီးလောင်ကျွမ်းနစ်မြုပ်ခဲ့ရာ လူ ၁၅ဦးထက်မနည်း ဒဏ်ရာရရှိပြီး ရေနံယိုဖိတ်မှုလည်းဖြစ်ခဲ့သည်။ အဆိုပါသင်္ဘောသည် ဘီပီဇက်ဇ် စွမ်းအင်လုပ်ငန်းအတွက် လောင်စာသယ်ဆောင်နေသည့် သင်္ဘောဖြစ်သည်။

အကာပူလ်ကို ဆိပ်ကမ်းမှ ရှစ်ကီလိုမီတာအကွာတွင် သင်္ဘောပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း၊ မီးလောင်ဒဏ်ရာပြင်းထန်စွာရရှိထားသူများကိုလည်း ကယ်တင်နိုင်ခဲ့ကြောင်း ဇော်ရီတိုစ် မြို့တော်ဝန် တီတိုဒီလာမာက ပီရူးအသံလွှင့်ဌာန (အာရ်ပီပီ)သို့ ပြောကြားသည်။

အနည်းဆုံး သုံးကြိမ်ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း၊ ယခုချိန်ထိ ပေါက်ကွဲမှုအကြောင်းရင်းကို မသိရသော်လည်း ဝါယာရှော့ကြောင့်ဟု ယူဆရကြောင်း ဒီလာမာက ပြောကြားသည်။ အခင်းဖြစ်ပွားရာနေရာသို့ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ဘီပီဇက်ဇ်ဝန်ထမ်းများက ကယ်ဆယ်ရေးလုပ်ငန်း သွားရောက်လုပ်ကိုင်ခဲ့သည်။ ဘီပီဇက်ဇ်ကုမ္ပဏီသည် အမေရိကန်မှ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့်ကုမ္ပဏီဖြစ်ပြီး ပီရူး ရေတပ်သင်္ဘောများသည် ထိုကုမ္ပဏီအတွက် လောင်စာသယ်ပေးလျက်ရှိသည်။

ဘီပီဇက်ဇ် စွမ်းအင်ကုမ္ပဏီရုံးချုပ်သည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် တည်ရှိပြီး ၂၀၀၁ ခုနှစ်တွင် လုပ်ငန်းစတင်အကောင်အထည်ဖော်ခဲ့သည်။ ယင်းကုမ္ပဏီသည် ရေနံရှာဖွေခြင်း ပြည်ပနိုင်ငံများ၌ ရေနံနှင့်ဟိုက်ဒရိုကာဗွန်ထုတ်လုပ်သည့်လုပ်ငန်းတို့ကိုဆောင်ရွက်ပြီး အထူးသဖြင့် ပီရူးနှင့် အီကွေဒေါနိုင်ငံတို့တွင် လုပ်ဆောင်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သီရိလင်္ကာ၌ ဘတ်စ်ကားဗုံးပေါက်ကွဲ ခရီးသည် ၂၀ သေဆုံး

ကိုလံဘို ဖေဖော်ဝါရီ ၂

သီရိလင်္ကာနိုင်ငံ ဒမ်ဘူလာမြို့လယ်တွင် ဖေဖော်ဝါရီ ၁ ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီးပေါ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး လူ ၂၀ သေဆုံးပြီး ၅၀ ဒဏ်ရာရရှိကြောင်း စစ်ဘက်က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်

နိုင်ငံမြောက်ဘက်နှင့် အရှေ့ဘက်ဒေသများတွင် လွတ်လပ်သည့်နယ်မြေထူထောင်ရန် ကြိုးပမ်းနေသူ တမီးလ်ကျားသူပုန်များက ဗုံးခွဲ တိုက်ခိုက်လေ့ရှိသည်။

သေကျေဒဏ်ရာရရှိသူများသည် ကန်ဒီမြို့လယ်မှ အနုရာဓပူရမြို့သို့ ရိုးရာပွဲတော်တက်ရောက်ရန် ခရီးထွက်လာသူများဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။ ဒမ်ဘူလာမြို့သည် မြို့တော်ကိုလံဘိုမြောက်ဘက် ကီလိုမီတာ ၁၅၀ ခန့်အကွာတွင် တည်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

သီရိလင်္ကာနိုင်ငံ ဒမ်ဘူလာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် ဘတ်စ်ကားကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖိလစ်ပိုင်တပ်ဖွဲ့နှင့် သူပုန်တပ်ဖွဲ့ တိုက်ပွဲဖြစ်

မနီလာ ဖေဖော်ဝါရီ ၁

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတောင်ပိုင်းတွင် ဇန်နဝါရီ ၃၀ ရက်က ဖိလစ်ပိုင် အထူးတပ်ဖွဲ့နှင့် ကွန်မြူနစ်ဝါဒီသူပုန်များအကြား တိုက်ပွဲဖြစ်ပွားရာ ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ငါးဦးထက်မနည်းသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုက်ပွဲဖြစ်ပွားရာအရပ်သည် နိုင်ငံအရှေ့တောင်ပိုင်း စိုက်ပျိုးရေးနှင့် သတ္တုလုပ်ငန်းတို့လုပ်ကိုင်သည့် ကာတီလ်မြို့အနီးပတ်ဝန်းကျင်ဒေသ ဖြစ်ကြောင်း ဗိုလ်မှူးကြီးဘီနီတိုဒီလီအွန်က ပြောကြားသည်။

မင်ဒါနာအိုကျွန်း တောင်ပိုင်းတွင် တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာရာ ယခုနှစ်အတွင်း အစိုးရက သူပုန်စခန်း ၃၀ ကျော်ကို နှစ်ဆတိုး၍ ဖြိုခွင်းမည်ဟု စီမံချက်ထုတ်ပြန်ခဲ့ပြီးနောက် သူပုန်များက တိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အင်ဒိုနီးရှားတွင် ရေကြီး၊ မြေပြို၍ ၁၂ဦး သေဆုံး၊ လေယာဉ်ခရီးစဉ်များရပ်ဆိုင်း

ဂျကာတာ ဖေဖော်ဝါရီ ၂

အင်ဒိုနီးရှားနိုင်ငံတွင်မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားရာ ဖေဖော်ဝါရီ ၁ရက်က အနည်းဆုံး လူ ၁၂ဦးသေဆုံးသွားကြောင်း သတင်းကဖော်ပြသည်။

ထို့အပြင် မြို့တော် ဂျကာတာရှိ အဓိက လေဆိပ်မှာလည်း မိုးသည်းလွန်းသဖြင့် မြင်ကွင်း မကြည်မလင်ဖြစ်လာ၍ လေယာဉ်အတက်အဆင်းကို ခေတ္တရပ်ဆိုင်းထားရသည်။ ထိုဖြစ်ရပ်ကြောင့် ခရီးစဉ် ၄၀ကျော်မှာ နှောင့်နှေးမှုများနှင့် ကြုံတွေ့ရသည်။

လူဦးရေ ၁၄ သန်းနေထိုင်သော ဂျကာတာမြို့သည် နှစ်စဉ် ယခုအချိန်ရောက်တိုင်း ရေကြီးလေ့ရှိသည်။ ယခုရေကြီးမှုတွင် မော်တော်ယာဉ်များသည် အသွားအလာ ရပ်ဆိုင်းသွားပြီး လူများမှာလည်း ခါးလည်သာသာနက်သော နောက်ကျိနေသည့် ရေထဲတွင်သွားလာနေကြရသည်။

ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက မိုးနှင်းမြူများကြောင့် လေဆိပ်၏ မြင်ကွင်းအခြေအနေသည် မီတာ ၃၀၀ အောက်အထိ ကျဆင်းသွားသည်ဟု ဂျကာတာဆူကာနို လေဆိပ်မှ အရာရှိ မာရီယန်တိုက ပြောကြားသည်။

လေဆိပ်မှာ ထိုနေ့ညနေ ၃ နာရီတွင်မှ ပြန်လည်ဖွင့်လှစ်နိုင်ကြောင်း သိရသည်။

ဂျကာတာမြို့တွင် ရေဘေးဒုက္ခသည်များကို ရော်ဘာလှေများဖြင့် ကယ်တင်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှားနိုင်ငံသမ္မတ စီးနင်းလာသော ၎င်း၏ မော်တော်ယာဉ်မှာ ရေများအတွင်း ပိတ်မိနေသဖြင့် သမ္မတသည် အခြားကားသို့ ပြောင်းစီးပြီး သမ္မတနန်းတော်သို့ သွားခဲ့ရသည်။

ညပိုင်းရောက်မှ မိုးရပ်သွားပြီး ရေမှာလည်း အချို့နေရာများ၌ ပြန်၍ ကျသွားသည်ဟု မြို့တော် ရေလွှဲမှုထိန်းသိမ်းရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂီတလောက ဝင်ငွေအများဆုံး မက်ဒေါနား ထိပ်ဆုံးက ပါဝင်

နယူးယောက် ဖေဖော်ဝါရီ ၁

အနောက်နိုင်ငံ ဂီတလောကတွင် ၂၀၀၆ခုနှစ် ဇွန်လမှ ၂၀၀၇ခုနှစ် ဇွန်လအတွင်း ဝင်ငွေအများဆုံးရရှိသော အမျိုးသမီး အဆိုကျော်များစာရင်းကို ဖိုးဘီးစ်မဂ္ဂဇင်းက ဇန်နဝါရီ ၃၀ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ထိုစာရင်းကို ဂီတလောကမှ ငွေဘုရင်မများဟု ခေါင်းစဉ်ပေးထားသည်။ ထိုစာရင်းတွင် ဝင်ငွေအကောင်းဆုံး အဆိုကျော် ၂၀တို့၏ အမည်များပါရှိရာ မက်ဒေါနားမှာ ထိပ်ဆုံးမှပါဝင်သည်။

ဖော်ပြပါကာလအတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၂သန်းရရှိသဖြင့် မက်ဒေါနားသည် အဆိုကျော်များအနက် ဝင်ငွေအများဆုံးရရှိသူဖြစ်သည်။ ဘာဘရာစထရိုက်ဆန်က ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၆၀ဖြင့် ဒုတိယ၊ အမေရိကန် ဒေါ်လာ ၄၅ သန်းဖြင့် ဆီလိန်းဒီယွန်သည် တတိယနေရာ၌ရှိသည်။ စတုတ္ထနေရာ၌ရှိသူ ရှာကီယာသည် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၈သန်းရရှိပြီး ပဉ္စမနေရာ၌ရှိသူ ဘီရွန်စ်သည် အမေရိကန်ဒေါ်လာ ၂၇သန်းရရှိသည်။ ကျန်စာရင်းပေါက်သူများမှာ ဂွမ်စတက်ဖနီ၊ ခရစ်စတီးနား အာဂွီလဲရာ၊ ဖိန့်ဟေးလ်၊ မာရီဟာကာရေးတို့ ဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကျွန်အဖြစ် နှံ့မနစ်ကြစေဖို့ (သို့မဟုတ်) သွေးခွဲအနိုင်ယူ မခံရစေဖို့

လှိုင်အောင်

လူ့ဘောင်သမိုင်းသည် အင်ပါယာတို့၏သမိုင်းဖြစ်သည်ဟု သမိုင်းပညာရှင်တစ်ဦးက ဆိုခဲ့ဖူးသည်။ အင်ပါယာဆိုသည်မှာလည်း အားကြီးသော နိုင်ငံတစ်ခုက အားနည်းသောနိုင်ငံ သို့မဟုတ် လူ့အဖွဲ့အစည်းအချို့ကို စီးပွားရေးအကျိုးငှာလည်းကောင်း၊ နိုင်ငံရေးနှင့် ဘာသာရေးအကျိုးတို့ငှာလည်းကောင်း အတင်းအကျပ် အင်အားသုံး၍ ဩဇာအာဏာလွှမ်းမိုးထားသော နယ်ပယ်အဝန်းအဝိုင်းတစ်ခုဟု ဆိုနိုင်သည်။

ထို့ကြောင့် လူ့ဘောင်သမိုင်းသည် အင်ပါယာတို့၏သမိုင်းဟုဆိုလျှင် အားကြီးသူတို့က အားနည်းသူတို့အပေါ် ဖိနှိပ်လွှမ်းမိုးခြယ်လှယ်မှုတို့၏ သမိုင်းဟုလည်း ဆိုနိုင်ဖွယ်ရှိလေသည်။ ယင်းအဆိုကို သမိုင်းကြောင်းနှင့်ယှဉ်၍ ဆန်းစစ်ကြည့်ပါကလည်း သဘာဝယုတ္တိ၊ အာဂမယုတ္တိ အတော်အတန်ရှိသည်ဟု ဆိုနိုင်သည်။ ကမ္ဘာ့သမိုင်း၌ ပညာရှင်တို့ ပိုင်းခြားသတ်မှတ်ထားသော ခေတ်အသီးသီးတို့တွင် ဆိုင်ရာဆိုင်ရာ ခေတ်ကာလတို့ အားလျော်စွာ အင်အားကြီးသူတို့က အားနည်းသူတို့အပေါ် လွှမ်းမိုးဖိနှိပ်ကာ နယ်ပယ်ဩဇာချဲ့ထွင်ခဲ့မှုများကို တွေ့ရပေလိမ့်မည်။ စိုက်ပျိုးရေးကို အဓိကစီးပွားရေးအဖြစ် အားထားရသည့် မြေရှင်ပဒေသရာဇ်ခေတ်တွင် စိုက်ပျိုးမြေပိုမိုရရှိပိုင်ဆိုင်နိုင်ရေးအတွက် အနီးဝန်းကျင်ဒေသများသို့ သွားရောက်တိုက်ခိုက် သိမ်းယူမှုများရှိခဲ့သည်။ ကုန်သွယ်မှုအကျိုးအမြတ်ရှာဖွေသည့် ကုန်သွယ်နယ်ချဲ့ခေတ်တွင်လည်း ကုန်သွယ်မှုအခွင့်အရေးများကို တစ်ဦးတည်း မောင်ပိုင်စီးနိုင်ရေးအတွက် စစ်သင်္ဘောများဖြင့် ပင်လယ်ရပ်ခြား ရောက်ရာအရပ်တွင် အလံထောင်ကာ ခံတပ်ဆောက်၍ သိမ်းပိုက်ခဲ့သည်။

စက်မှုတော်လှန်ရေးနောက်ပိုင်း စက်မှုခေတ်တွင်လည်း စက်မှုအင်အားကြီးနိုင်ငံများက စက်မှုမဖွံ့ဖြိုးသေးသည့် နိုင်ငံများအပေါ် သာလွန်သော လက်နက်၊ နည်းပညာ၊ စစ်အင်အားတို့ဖြင့် တိုက်ခိုက်ကျွန်ပြုကာ ကုန်ကြမ်းနှင့်ဈေးကွက်တို့ကို အပြိုင်အဆိုင် လက်ဝါးကြီးအုပ်ခဲ့ကြသည်။

လူ့သမိုင်းအစ ကနဦးကာလမှအစပြု၍ ယနေ့ထက်တိုင် မရပ်မနား၊ အကြားအလပ်ဟူ၍ မရှိလောက်အောင် စဉ်ဆက်မပြတ်ဖြစ်ပွားနေခဲ့သော စစ်ပွဲများမှာလည်း ပြန်၍ဆန်းစစ်ကြည့်လျှင် အင်အားကြီးသူတို့၏ အင်ပါယာချဲ့ထွင်ရေးစစ်ပွဲများနှင့် အင်ပါယာအချင်းချင်း အားပြိုင်သော စစ်ပွဲများကသာ အများစုဖြစ်သည်ကို တွေ့ရပေလိမ့်မည်။

သို့သော် လူတို့၏လူနေမှုစနစ်၊ လူမှုစီးပွားရေးဘဝနှင့် နည်းပညာတို့ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ အင်ပါယာတို့၏အသွင်အပြင်၊ သက်တမ်းနှင့်လွှမ်းမိုးဖိနှိပ်ကျွန်ပြုပုံနည်းလမ်းများလည်း လိုက်ပါပြောင်းလဲလာခဲ့သည်။

ရှေးခေတ်က အင်ပါယာများသည် ရှေးကျသည်နှင့်အမျှ သက်တမ်းရှည်ကြာမှုရှိပြီး နောက်ပိုင်းအင်ပါယာများမှာမူ သက်တမ်းပို၍ တိုလာသည်။ ဥပမာအားဖြင့် ရောမအင်ပါယာသည် နှစ်ပေါင်းထောင်ချီ၍ သက်တမ်းရှည်ကြာခဲ့ပြီး တူရကီတို့၏ အော်တိုမန်အင်ပါယာမှာ နှစ်ပေါင်းခုနစ်ရာခန့်သာခံသည်။ မျက်မှောက်သမိုင်းတွင် ထင်ထင်ရှားရှား နောက်ဆုံး အင်ပါယာဖြစ်သော ဗြိတိသျှအင်ပါယာမှာ နှစ်ပေါင်းနှစ်ရာကျော်မျှသာခံသည်။

သို့ရာတွင် စက်မှုနည်းပညာ တိုးတက်လာသည်နှင့်အမျှ အင်ပါယာနယ်ပယ်တို့က ပိုမိုကျယ်ပြန့်လာသည်။ အော်တိုမန် အင်ပါယာက အရှေ့အလယ်ပိုင်းနှင့် ဥရောပတစ်ခြမ်းကိုသာ ဩဇာသက်ရောက်နိုင်ခဲ့သော်လည်း ဗြိတိသျှအင်ပါယာကမူ ကမ္ဘာတစ်ဝန်း၌ နေမဝင်အင်ပါယာကို ထူထောင်နိုင်ခဲ့သည်။

ယနေ့မျက်မှောက်ခေတ်တွင်မူ အင်ပါယာဟူ၍ တိတိပပ လက်ညှိုးညွှန်ပြစရာမရှိပြီ။ သို့သော်လည်း အားကြီးသည့် နိုင်ငံက အားနည်းသည့် နိုင်ငံများကို နည်းအမျိုးမျိုးဖြင့် လွှမ်းမိုးခြယ်လှယ်ဖိနှိပ်ကာ တစ်ဖက်သတ် ဩဇာအာဏာတည်ဆောက်သည့် အင်ပါယာတို့၏ အနှစ်သာရမှာမူကား ပျောက်ကွယ်မသွားသေးဘဲ ရှင်သန်နေဆဲရှိသည်။ စင်စစ်၌ ရှင်သန်နေရုံသာမက အံ့မခန်းတိုးတက်လာသည့် နည်းပညာတို့၏ အစွမ်းဖြင့် ပို၍ပင် သန်စွမ်းဖွံ့ဖြိုးနေသေးသည်ဟု ဆိုနိုင်သည်။ အားကြီးလှသော ကိုယ်ပျောက်အင်ပါယာ ဖြစ်နေသည်။

ယင်းကိုယ်ပျောက်အင်ပါယာမှ ကမ္ဘာတစ်ဝန်း ချောင်ကြိုချောင်ကြား မကျန် ရေဒါမဖမ်းနိုင်သော ကိုယ်ပျောက်လေယာဉ်များဖြင့် သွားရောက်ဗုံးကြဲနိုင်သည်။ လေယာဉ်တင်သင်္ဘောအုပ်စုကြီးများကို ကမ္ဘာ့ မည်သည့်နေရာတွင်မဆို သွားရောက်စစ်ဆင်နိုင်ရန် သမုဒ္ဒရာရေပြင်တိုင်း၌ အသင့်ချထားပြီးဖြစ်သည်။ နိုင်ငံပြင်ပ ကမ္ဘာအရပ်ရပ်၌ တပ်အင်အား သိန်းကျော်ဖြန့်ကြက်ထားသည်။ ကမ္ဘာ့လူသားအားလုံး အသုံးပြုပြောဆို ဆက်သွယ်သည့် တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက်၊ ရေဒီယို၊ ရုပ်မြင်သံကြားစသော လျှပ်စစ်သံလိုက်လှိုင်းဖြင့် ထုတ်လွှင့်မှုမှန်သမျှကို အားကြီးသော လှိုင်းဖမ်းစက်နှင့် စူပါကွန်ပျူတာကြီးများအသုံးပြုကာ ဖမ်းယူထောက်လှမ်းနေသည်။ ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံအစိုးရမှန်သမျှ ၎င်းတို့ဩဇာကို ရိုကျိုးနာခံစေရန် အနု အကြမ်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဖန်တီးနေသည်။ ကမ္ဘာ့အရပ်ရပ်ရှိ ပြည်သူလူထုအားလုံး စိတ်ပိုင်းဆိုင်ရာကို ၎င်းတို့အလိုကျ လွှမ်းမိုးချုပ်ကိုင်နိုင်ရန် ဝါဒသဘောတရား၊ ယဉ်ကျေးမှု၊ ပညာရေး နည်းလမ်းပေါင်းစုံဖြင့် ပုံသွင်းလျက်ရှိသည်။ ဤသို့ ကြမ်းတမ်းထင်ရှားသော စစ်ရေးနည်းလမ်းများ၊ သိမ်မွေ့ညင်သာ၍ ထင်ရှားမမြင်သာသော အခြားနည်းလမ်းများကို အသုံးပြုလျက် ကိုယ်ပျောက်အင်ပါယာကြီးသည် အတိတ်ကာလက မည်သည့် ဘုန်းကံရှင် ဧကရာဇ်တို့မျှ မစွမ်းနိုင်ခဲ့သော တစ်ကမ္ဘာလုံးကို လွှမ်းမိုးချုပ်ကိုင်ရေး ရည်မှန်းချက်ဖြင့် ကြိုးပမ်းအားထုတ်လျက်ရှိလေသည်။

သို့ရာတွင် နည်းပညာဖြင့် စစ်ရေးစွမ်းပကား မည်မျှတိုးတက်ကြီးမားလာသည်ဟုဆိုစေ ရှေးရှေးအင်ပါယာတို့၏ အင်ပါယာထူထောင်ရေးနှင့် အင်ပါယာရေရှည် တည်တံ့ခိုင်မြဲရေးအတွက် လက်သုံးထားခဲ့ကြသော ရှေးရိုးနည်းလမ်းတစ်ခုကိုမူ လုံးဝလက်မလွှတ်နိုင်သေးပေ။ ယင်းမှာ အခြားမဟုတ်။ သွေးခွဲရေးနည်းဗျူဟာပင် ဖြစ်၏။

တစ်မူထူးသည်မှာကား ရှေးရှေးခေတ်အင်ပါယာတို့သည် သွေးခွဲရေးနည်းဗျူဟာကို အဓိကအားဖြင့် အင်ပါယာတည်ဆောက်ပြီး ရေရှည်ခိုင်မြဲစေရန်အတွက်သာ အသုံးများကြ၏။ ယင်းကို သွေးခွဲအုပ်ချုပ်ရေး (divide and rule)နည်းဟု လူသိများကြ၏။

ကိုယ်ပျောက်အင်ပါယာခေတ်တွင်မူ အင်ပါယာတည်ဆောက်ကာ တစ်ပါးနိုင်ငံများကို လွှမ်းမိုးချုပ်ကိုင်နိုင်ရေး ဆောင်ရွက်နေစဉ်မှာပင် အလွယ်တကူ လွှမ်းမိုးအောင်နိုင်ရေးအတွက် ကြိုတင်သွေးခွဲပြီးမှ ဩဇာလွှမ်းမိုးသည့် သွေးခွဲအနိုင်ယူနည်း(divide and conquer)ကို ပိုမိုအသုံးပြုလာခဲ့ခြင်းဖြစ်သည်။

စင်စစ်၌ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုသည် လူ့ခန္ဓာကိုယ်နှင့် အလားသဏ္ဌာန်တူ၏။ လူ့ခန္ဓာ၌ ဓာတ်ကြီးလေးပါး ညီညွတ်နေလျှင်၊ ကိုယ်ခံစွမ်းအား ကောင်းမွန်နေလျှင်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာ ထမ်းဆောင်နေကြလျှင် ပြင်ပမှ ရောဂါပိုးများ၊ အန္တရာယ်များ အလွယ်တကူ မဝင်ရောက်နိုင်ပေ။ အကယ်၍ ဓာတ်လေးပါး မညီညွတ် သွေးလေဖောက်ပြန်ခဲ့လျှင်၊ ကိုယ်ခံစွမ်းအားကျဆင်းနေလျှင်၊ ကိုယ်အင်္ဂါလုပ်ငန်းများ ချွတ်ချော်လာခဲ့လျှင် ပြင်ပမှ ရောဂါများ ဝင်ရောက် လာတော့မည်သာဖြစ်၏။

အလားတူပင် နိုင်ငံတို့၌လည်း တိုင်းရင်းသားလူမျိုးစုများ၊ လူထုလူတန်းစားများ၊ ဘာသာကိုးကွယ်ယုံကြည်သူဘာသာဝင်များ မညီမညွတ် ပဋိပက္ခဖြစ်နေလျှင်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ လျော့နည်းကျဆင်းနေလျှင်၊ တိုင်းသူပြည်သားတိုင်းက ကိုယ်ကျရာကဏ္ဍမှ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ဘဲ တာဝန်မဲ့စွာ ပျက်ကွက်နေခဲ့လျှင် ထိုနိုင်ငံသည် အနေးနှင့်အမြန် သူ့ကျွန်အဖြစ် နှံ့နစ်ရတော့မည်သာ ဖြစ်လေသည်။

ယနေ့ခေတ်၌ ကျွန်ဖြစ်သည်ဆိုခြင်းမှာ ကိုလိုနီအရှင်သခင်သိုးဆောင်းတို့ ခြေဖဝါးအောက်၌ ဒူးထောက်၍ ပြားပြားဝပ်ကာ ဘုရားထူး ကျွန်ခံရခြင်းမျိုးကား မဟုတ်တော့ပေ။ စီးပွားရေးအရ လက်ဖြန့်ခံကာ ကျွန်ဖြစ်ရသည်။ နိုင်ငံရေးအရ ခိုင်းသမျှလုပ်ကာ ကျွန်ဖြစ်ရသည်။ ဝါဒသဘော တရားရေးအရ သင်ပေးမှုံးတိုက်သမျှ ခေါင်းညိတ်လက်ခံကာ ကျွန် ဖြစ်ရသည်။ ယဉ်ကျေးမှုအရ အထင်ကြီးအတုခိုးကာ ရေလိုက်မှားရင်း ကျွန်ဖြစ် နှံ့နစ်ကြရသည်။

သေနတ်တစ်ချက်မျှ မဖောက်ဘဲ၊ စစ်ဖိနပ်ခွာသံတစ်ချက်မျှ မကြားလိုက်ရဘဲ သိမ်မွေ့စွာ သွေးခွဲ ကျွန်ပြုလိုက်မှုကြောင့် မိမိကိုယ်ကို ကျွန်ဖြစ်မှန်းပင် မသိလိုက်ဘဲ ငုတ်တုတ်ထိုင်ရင်း ကျွန်ဖြစ်သွားကြသူများလည်း ရှိသည်။

ညီနောင်အချင်းချင်း ပြည်တွင်းပြဿနာကို အေးချမ်းစွာ ညှိနှိုင်းအဖြေမရှာနိုင်ဘဲ နယ်ချဲ့ဆရာများကို အားထားကြည်ညိုစွာ ပင့်ဖိတ်ခေါ်ဆောင်လာမှုကြောင့် ဆေးအတွက်လေးကာ ယနေ့ထက်တိုင် သွေးချောင်းစီးနေရဆဲ နိုင်ငံများလည်း ရှိသည်။

ရှေးယခင်က အင်ပါယာများမှာ မူလကပင် စည်းလုံးညီညွတ်မှု အားနည်းကာ ပြိုကွဲနေသော နိုင်ငံများကိုသာ လွယ်ကူစွာ လွှမ်းမိုးကျွန်ပြုနိုင်ခဲ့ကြသည်။ ကိုယ်တိုင်ကား များစွာ ထိရောက်အောင် ကြိုတင်သွေးခွဲနိုင်ခဲ့ခြင်း မရှိပေ။ ဥပမာအားဖြင့် သူတစ်လူ ငါတစ်မင်း အချင်းချင်း သွေးကွဲနေကြသော အိန္ဒိယမှ မဟာရာဂျာ စော်ဘွားနယ်များကို ဗြိတိသျှတို့က တစ်နယ်ပြီးတစ်နယ်သိမ်းပိုက်ကာ ကြီးမားလှသော အိန္ဒိယတိုက်တစ်ခုလုံးကို ကျွန်ပြုသွားနိုင်ခဲ့ကြသည်။ မန်ချူးဧကရာဇ်လက်ထက် စစ်ဘုရင်များ တသီးတခြားစီ ကွဲပြားစွာ အုပ်စိုးနေကြသော တရုတ်ပြည်ကြီး၏ စီးပွားရေးအကောင်းဆုံး ကမ်းခြေဒေသများကိုလည်း နယ်ချဲ့ပေါင်းစုံက ခွဲဝေယူငင်ကာ ထင်တိုင်းပြုနိုင်ခဲ့ကြသည်။ အားနည်းသော တိုင်းငယ်ပြည်ငယ်များကိုမူ လက်နက်အင်အားဖြင့် အတင်းအကျပ်သိမ်းပိုက်ကာ ပြောင်တင်းစွာ ကျွန်ပြုခဲ့ကြခြင်းဖြစ်၏။

ကိုလိုနီကျွန်အဖြစ်သို့ ရောက်သွားသောအခါကျမှသာ ကျွန်နိုင်ငံတို့၏ အခြေအနေကိုလေ့လာ၍ လူမျိုးစုချင်း၊ ဘာသာဝင်ချင်း မသင့်မြတ်အောင် ရန်တိုက်သွေးခွဲကာ ကျွန်သက်ရှည်အောင် အုပ်ချုပ်ခဲ့ကြခြင်းဖြစ်သည်။ ယနေ့ထက်တိုင် ကျန်ရှိနေဆဲဖြစ်သော အိန္ဒိယတိုက်ငယ်မှ ဟိန္ဒူ-မွတ်စလင်ပဋိပက္ခ၊ သီရိလင်္ကာမှ ဆင်ဟာလီ-တမီလ်ပဋိပက္ခ၊ အရှေ့အလယ်ပိုင်းမှ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ၊ အာဖရိကတိုက်မှ ဟူတူ-တွတ်ဆီပဋိပက္ခစသည်တို့မှာ အင်ပါယာဟောင်းတို့၏ သွေးခွဲအုပ်ချုပ်မှု အမွေဆိုးများပင် ဖြစ်ကြသည်။

ယနေ့ခေတ် ကိုယ်ပျောက်အင်ပါယာကြီးကမူ ရှေးအင်ပါယာများကဲ့သို့ ပြောင်ပြောင်တင်းတင်း ကိုလိုနီသွတ်သွင်းကြေညာနိုင်သည့် ခေတ်မရှိတော့သဖြင့် တိုက်ရိုက်အင်အားသုံး ကျွန်ပြုမှုစနစ်ထက် သွယ်ဝိုက်လွှမ်းမိုးအောင်နိုင်မှုနည်းလမ်းကို ပိုမိုအသုံးပြုလာရသည်။ ထိုသို့ သွယ်ဝိုက်လွှမ်းမိုးအောင်နိုင်ရေးအတွက် အဆင်ပြေဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းမှာ ကြိုတင်သွေးခွဲ အနိုင်ယူခြင်းပင် ဖြစ်တော့သည်။

စစ်အေးခေတ်နောက်ပိုင်း ပြိုကွဲသွားခဲ့ရသော ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုဆလပ်ပြည်ထောင်စုနှင့် ဝါဆောအရှေ့အုပ်စုတို့မှာ သွေးခွဲအနိုင်ယူမှု၏ ထင်ရှားသော ပြယုဂ်များပင်ဖြစ်လေသည်။ ယူဂိုဆလပ် ပြည်ထောင်စုဆိုလျှင် စတင်ပြိုကွဲသည့် ၁၉၉၁ ခုနှစ်မှစ၍ ခရိုအေးရှား၊ ဘော့စနီးယားနှင့် ကိုဆိုဗိုတို့တွင် သွေးပင်လယ်ဝေခဲ့သည်။ အချင်းချင်းကွဲကြပြဲကြသည်နှင့် ပြည်ပတပ်များဝင်လာကာ ဗုံးမိုးရွာခဲ့သည်။ ယနေ့ထက်တိုင် အကွဲအပြဲဇာတ်လမ်းက မဆုံးသေး။ ကိုဆိုဗိုဒေသက ဆားဗီးယားထံမှ ခွဲထွက်ကာ တစ်ဖက်သတ် လွတ်လပ်ရေးကြေညာရန် ပြင်ဆင်နေသည်။ အကျိုးဆက်အဖြစ် ကိုဆိုဗိုနယ်အတွင်း ဆာ့ဘ်နှင့် အယ်လ်ဘေးနီးယန်းတို့အကြား သွေးထွက်သံယိုပဋိပက္ခများ ဖြစ်လာဖွယ်ရှိနေသည်။

ပြိုကွဲသွားသော ဆိုဗီယက်ပြည်ထောင်စုကို လေ့လာလျှင် ပြိုကွဲမှုကြောင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့

ညီနောင်အချင်းချင်း ပြည်တွင်းပြဿနာကို အေးချမ်းစွာ ညှိနှိုင်းအဖြေမရှာနိုင်ဘဲ နယ်ချဲ့ဆရာများကို အားထားကြည်ညိုစွာ ပင့်ဖိတ်ခေါ်ဆောင်လာမှုကြောင့် ဆေးအတွက်လေးကာ ယနေ့ထက်တိုင် သွေးချောင်းစီးနေရဆဲ နိုင်ငံများလည်း ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မျက်စိခွဲစိတ်ကုသမှုခံယူခဲ့ကြသည့် ဝေဒနာရှင်များအား မျက်မှန်များတပ်ဆင်လှူဒါန်းစဉ်။(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသမှု အောင်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သည့် ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသမှု အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်းရှိ မဏ္ဍပ်၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မျက်စိအခမဲ့ကုသပေးခဲ့သည့် ဆရာဝန်များကိုယ်စား ပါမောက္ခ ဒေါက်တာကံညွန့်က အခမဲ့မျက်စိခွဲစိတ်ကုသမှုအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အလှူငွေနှင့် ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် မျက်စိဝေဒနာရှင် တစ်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ် တစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားကြပြီး တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် ဧည့်သည်များသည် မျက်စိခွဲစိတ်ကုသခဲ့သည့် ဝေဒနာရှင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မျက်စိအခမဲ့ ကွင်းဆင်းစမ်းသပ်ခွဲစိတ်ကုသမှုလုပ်ငန်းကိုရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ပါမောက္ခ ဒေါက်တာကံညွန့်၊ ပါမောက္ခ ဒေါက်တာမြအောင်နှင့်ဒေါက်တာသူဇာဟန်တို့က ဦးဆောင်၍ ဒေါက်တာနီလာသိန်း၊ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာတင်အေးခိုင်၊ ဒေါက်တာအေးမိုးထက်၊ ဒေါက်တာအောင်မိုးထွန်း၊ ဒေါက်တာရီလင်း၊ဒေါက်တာအောင်နေဦး၊ ဒေါက်တာချောဝေလွင်၊ ဒေါက်တာမောင်မောင်မျိုးဝင်း၊ ဒေါက်တာမိုးအေးလတ်၊သူနာပြုဆရာမ ခြောက်ဦးနှင့် ALCON ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်တို့ပါဝင်ပြီး စစ်တွေမြို့မှ ပြည်နယ်မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာမိုးကျော်နှင့် ဆေးရုံဝန်ထမ်းများက ပူးပေါင်းပါဝင်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ယင်းမျက်စိခွဲစိတ်မှုလုပ်ငန်းများကို ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ မျက်စိဝေဒနာရှင် ပြင်ပလူနာ၅၁၂၀နှင့် အတွင်းတိမ်လူနာ ၆၀၃ဦးတို့အား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြပြီး ပါဝါမျက်မှန်၊ နေကာမျက်မှန်များကိုထောက်ပံ့ပေးသည်။

အဆိုပါ အခမဲ့ မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် အခြားလူမှုရေး အသင်းအဖွဲ့များ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုထွန်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဌေးကြွယ်နှင့် ဆေးရုံဝန်ထမ်းများက အဘက်ဘက်က ပံ့ပိုးကူညီခဲ့ကြပြီး ယင်းကုသမှုလုပ်ငန်းများအတွက် လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် ကုန်ကျစရိတ်များကို Golden Wax Co.,Ltd. က လှူဒါန်းပေးခဲ့ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

❁ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မည်သူတို့သာ အကျိုးရှိသည်ကို ထင်ရှားစွာ တွေ့နိုင်သည်။ ယခုအခါ ရုရှားပတ်လည် အရှေ့ဥရောပ ဆိုဗီယက်ဟောင်းနိုင်ငံများတွင် နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်နေသည်။ အနောက်အုပ်စုက ကြိုးကိုင်အားပေးသည့် အရောင်လှုပ်ရှားမှု (Colour Revolution) များ ပေါ်ပေါက်ခဲ့ပြီး အနောက်နိုင်ငံလက်ထွက် ဩဇာခံရုပ်သေးရုပ်အချို့က နိုင်ငံခေါင်းဆောင်များပင် တက်ဖြစ်နေကြသည်။ ထိုနိုင်ငံများကို နေတိုး စစ်အုပ်စုအတွင်း ဆွဲသွင်းနိုင်ခြင်းဖြင့် အနာဂတ်အန္တရာယ်ဖြစ်လာနိုင်သည့် အမျိုးသားရေး စိတ်ဓာတ်ပြင်းထန်သော ရုရှားနိုင်ငံကို အနီးကပ်စစ်ရေးအင်အားချထား၍ စောင့်ကြည့်နိုင်သည်။ ကက်စပီယံပင်လယ်မှ ရေနံပိုက်လိုင်းများကိုဖြတ်၍ သယ်ယူနိုင်သည်။

ကိုယ်ပျောက်အင်ပါယာလက်ချက်ကြောင့် ယနေ့ထက်တိုင် စစ်တလင်းဖြစ်နေဆဲ၊ ဗုံးကွဲသံတညံညံနှင့် သွေးသံရဲရဲနိုင်ငံများကို မှုကား ထင်ရှားလှသည့်အတွက် သာဓကမစွက်လိုတော့ပါ။ စာဒနာပေါင်းချုပ်၍ သင်ခန်းစာထုတ်ရပါလျှင် အင်ပါယာဟူ၍ ထင်ရှားမရှိတော့သော်ငြားလည်း အနှစ်သာရအရ အင်ပါယာခေတ် မကုန်သေးပါ။ အားကြီးသူက အားနည်းသူကို လွှမ်းမိုးရန် ကြိုးစားဆဲ၊ ဖြစ်နိုင်လျှင် တစ်ကမ္ဘာလုံးကို လွှမ်းမိုးချုပ်ကိုင်ကာ ဩဇာအာဏာတည်ဆောက်ရန် မျှော်မှန်းဆဲဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတကာ ဥပဒေကို စက္ကူစုတ်လုပ်ကာ နိုင်ငံတို့၏ အချုပ်အခြာအာဏာကိုလည်း မြောင်းထဲသို့ ကန်ချထားခဲ့ပေါင်းများလှပြီဖြစ်ပါ၏။

အထူးသဖြင့် **မညီညွတ်မစည်းလုံးသော နိုင်ငံများကား ကိုယ်ပျောက်အင်ပါယာကြီး၏ သွေးခွဲလွှမ်းမိုးအနိုင်ယူသော လက်နက်၏ စက်ကွင်းအောက်သို့ ရောက်သွားတတ်ကြပြီး အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်ခိုင်းခြင်း ခံကြရတတ်သည်။ နောက်ဆုံး၌ အချင်းချင်း သွေးချောင်းစီးအောင် တိုက်ခိုက်ရင်း သူ့ကျွန်အဖြစ် နွံနစ်သွားကြရသည်မှာ မျက်မှောက်သမိုင်း၏ သာဓကများက ထင်ရှားပြဆိုနေခဲ့ပြီဖြစ်ပါ၏။**

ထို့ကြောင့် ကျစ်လျစ်သိပ်သည်းသော စည်းလုံးညီညွတ်ခြင်းဖြင့်သာ တစ်ကျော့ပြန်ကျွန်အဖြစ် နွံနစ်ခြင်းမှ ရှောင်ရှားနိုင်ကြမည်ဖြစ်ပါ၏။ တိုင်းရင်းသားညီအစ်ကိုနောင်ဘွားအချင်းချင်း ရေပက်မဝင်သော သွေးစည်းညီညွတ်မှုဖြင့်သာ နယ်ချဲ့ပယောဂဖြင့် သွေးချောင်းစီးရမည့် အန္တရာယ်မှ လွတ်ကင်းနိုင်ကြမည် ဖြစ်ပါ၏။ ညီနောင်သွေးချင်းအားလုံး ကိုယ်ပျောက် အင်ပါယာကြီး၏ သွေးခွဲအနိုင်ယူ ပရိယာယ်လုပ်ရပ်များကို သတိရှိရှိ အသိပြည့်ပြည့်ဖြင့် ကြိုတင်ကာကွယ်တားဆီးကာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းနိုင်ကြစေရန် ဆန္ဒပြုပါ၏။ ။

ကလေးမြို့ စကားလှခမ္မာရုံကျောင်းတိုက် မိုးကုတ်ဝိပဿနာခုနစ်ရက်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော စကားလှဘုရားကြီး၏ ပွဲတော်အကြိုပွဲအဖြစ် စကားလှကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးခမ္မပါလ၏ စီစဉ်ညွှန်ကြားမှုဖြင့် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးအနော်မက ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါးဝိပဿနာလုပ်ငန်းစဉ်များကို ခန္ဓာဉာဏ် ရောက်သဘောပေါက်အောင် ဗုဒ္ဓအလိုတော်ကျ ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင် တရားအားထုတ်လိုကြသော ယောဂီသူတော်စင်များသည် (၁၃၆၉ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်) ဖေဖော်ဝါရီ ၄ရက် ညနေအရောက် စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

တပို့တွဲလဆန်း ၆ရက်မှစ၍ မြောက်စည်းရွာ၌ လည်းကောင်း၊ တပို့တွဲလဆန်း ၁၄ရက်တွင် ထောက်ကြန့်ရွာ၌လည်းကောင်း ဆရာတော်၏ တရားစခန်းများ ဆက်လက်ဖွင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်မှုတက္ကသိုလ် မြို့ပြကျောင်းသားဟောင်း အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

၁၉၈၇ခုနှစ်နှင့် ၁၉၈၁ခုနှစ် စက်မှုတက္ကသိုလ်မြို့ပြကျောင်းဆင်း ကျောင်းသားဟောင်းများ၏ ပြန်လည်တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို လှည်းတန်း မီးပွိုင့်အနီးရှိ တက္ကသိုလ်များဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၆ရက် (စနေနေ့) နံနက် ၉နာရီခွဲ မှ ၁၂နာရီခွဲ အထိ ကျင်းပမည် ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဆရာများအတွက် အလှူငွေနှင့် အလှူပစ္စည်းများပါဝင်လှူဒါန်းလိုသူများသည် ကိုသန်းဝင်း ဖုန်း–၀၉၅၀၁၇၄၂၅၊ ကိုကိုထွေး ဖုန်း–၀၉–၉၂၅၆၄၉၊ ကိုကိုအေး ဖုန်း–၀၉–၅၁၁၉၀၇၀၊ ဒေါက်တာ ဉာဏ်မြင့်ကျော် ဖုန်း–၀၉–၅၀၃၃၅၅၈၊ မမော်မော်ကြည် ဖုန်း–၀၉–၈၀၂၀၉၇၈၊ ကိုတိုးတိုးဝင်း ဖုန်း–၀၉–၅၀၁၄၄၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီမြို့၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ကရင်ပြည်နယ် မြဝတီမြို့၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကိုဇန်နဝါရီ ၂၅ရက် ည၇နာရီကကျင်းပရာ သဘာပတိအဖြစ် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစောစံဦး(စောငြိမ်းချမ်း–မြဝတီ)ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးသက်ဦး(သက်ဦးနိုင်–မြဝတီ) ကဆောင်ရွက်သည်။ ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ရွှေညွန့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့အမှုဆောင် ဦးမောင်မောင်တင်က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၏ စာဆိုတော်နေ့ သဝဏ်လွှာကိုဖတ်ကြားပြီး စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ မိချမ်းဝေ၊ သန်လျင်မောင်မောင်ဦးတို့က စာပေရေးရာများ ဟောပြောကြကာ ည ၁၁နာရီခွဲတွင် အခမ်းအနား ပြီးဆုံးကြောင်းသိရှိရသည်။ (သတင်းစဉ်)

အခြေခံ ဇာထိုး၊ ပန်းထိုး သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ အခြေခံဇာထိုး၊ပန်းထိုးသင်တန်းကို ဖေဖော်ဝါရီ ၁၁ရက်မှစတင်၍ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူအမျိုးသမီး (၁၀)ဦးသာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း–၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူ၍ ဖေဖော်ဝါရီ ၈ရက်နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

တရုတ်ရိုးရာခြင်္သေ့အက–အလှစွမ်းရည်ပြပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

လသာမြို့နယ် စဉ့်အိုးတန်းလမ်း(အထက်) မိသားစုများ၏ ၂၀၀၈ ခုနှစ် တတိယအကြိမ်မြောက် တရုတ်နှစ်သစ်ကူးပွဲတော် (ချွန်ကျက်) တရုတ်ရိုးရာခြင်္သေ့အက–အလှစွမ်းရည်ပြပွဲ**(အောက်ပုံ)**ကို ဖေဖော်ဝါရီ ၁၁ရက်မှ ၁၄ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တရုတ်ရိုးရာခြင်္သေ့အက–အလှစွမ်းရည်ပြပွဲအဖြစ် ဖေဖော်ဝါရီ ၁၁ရက် ည၇နာရီတွင် Y.S.L အသင်းနှင့် ည၉နာရီတွင် Global Lion အသင်း၊ ဖေဖော်ဝါရီ ၁၂ရက်ည၇နာရီတွင် Dragon အသင်းနှင့် ည၉နာရီတွင် Lion Boy အသင်း၊ ဖေဖော်ဝါရီ ၁၃ရက်ည ၇နာရီတွင် Pearl Black အသင်းနှင့် ည၉နာရီတွင် The Last Don အသင်းတို့က အက–အလှစွမ်းရည်များ ပြသကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၄ရက် ညတွင် ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်ပြီး ည၇နာရီ၌ ဒုတိယဆုရအသင်းကလည်းကောင်း၊ ည၉နာရီတွင် ပထမရရှိသည့်အသင်းကလည်းကောင်း ပြန်လည်သရုပ်ပြ တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။ (၄၁)

❐ **ရှေ့ဖုံးမှ**

ရှေ့ဖုံးမှ

မန္တလေးတိုင်းကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့် ကွန်ပျူတာပညာရှင်များအသင်း၏ ဆဋ္ဌမအကြိမ်မြောက် ကွန်ပျူတာနည်းပညာပြပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ ရှေးဦးစွာ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်း)ဥက္ကဋ္ဌ ဦးရဲမြတ်သူက မန္တလေးတိုင်း၏ IT နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မန္တလေးတိုင်း၏ ဆဋ္ဌမအကြိမ်မြောက် ကွန်ပျူတာသတင်းအချက်အလက်နှင့် နည်းပညာပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်းရှိ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မန္တလေးတိုင်း၏ ဆဋ္ဌမအကြိမ် ကွန်ပျူတာသတင်းအချက်အလက်နှင့် နည်းပညာပြပွဲတွင် IT နည်းပညာကုမ္ပဏီ ၄၀ မှ ပြခန်းပေါင်း ၅၄ ခန်းဖြင့် ခင်းကျင်းပြသထားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး–စစ်ကိုင်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စစ်ကိုင်းမြို့တွင် ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့အနီးရှိ စည်တီးကျေးရွာအုပ်စု၏ နွေစပါးဧက ၅၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ စစ်ကိုင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ကိုးအုပ်စုရှိ ကွင်းပေါင်း ၁၈ ကွင်းမှ စိုက်ပျိုးမြေဧရိယာ ၆၆၉၅ ဧကတွင် မိုးစပါး ၁၆၂၆ ဧက၊ နွေစပါး ၆၃၂ ဧက စုစုပေါင်း ၁၆၆၇၈ဧက စိုက်ပျိုးပြီးကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဆင်တပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း PS-2 (ဒုတိယအဆင့်) ပင်မမြောင်း တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာအုပ်စု၏ ဆောင်းသီးနှံနှင့် နွေစပါးစိုက်ခင်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးအောင်ကျော်စိန်က နွေစပါး ရေသောက်နည်းလမ်းအလိုက် စိုက်ပျိုးပြီးစီးမှု၊ ကြက်သွန်နီနှင့် ဆောင်းသီးနှံများ စိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၇၉/၄)အနီးရှိ မုံရွာမြို့နယ် မအူကျေးရွာအုပ်စု တောင်သူ ဦးကျော်မြင့်၏ ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းသို့ ရောက်ရှိကြပြီး စစ်ကိုင်းတိုင်းဝါနှင့်ပိုးချည်လုပ်ငန်း တိုင်းမန်နေဂျာ ဦးသန်းထွန်းက မိုး၊ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးရန်လျာထားမှု၊ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ အောင်မြင်ဖြစ်ထွန်းနေသည့် ဝါစိုက်ခင်းများကိုလည်းကောင်း၊ ခင်းကျင်းပြသထားသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါဂွမ်းနှင့် မျိုးစေ့များကို လည်းကောင်း၊ ငွေချည်(၄) ချည်မျှင်ရှည်ဝါဂွမ်းနှင့် မျိုးစေ့များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံတွဲခရိုင်အသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

သံတွဲခရိုင်အသင်း (ဂွ–တောင်ကုတ်–သံတွဲ)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာ ဆုရ ပုဂ္ဂိုလ်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲတို့ကို ဖေဖော်ဝါရီ ၂၄ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသား ခရိုင်သူ၊ ခရိုင်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသင်းမိသားစုများမှ အသက်(၇၆)နှစ်နှင့်အထက် ဘိုးဘွားများစာရင်းကို မှတ်ပုံတင်မိတ္တူပူးတွဲ၍ လည်းကောင်း၊ ၂၀၀၆–၂၀၀၇ခု တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင်သားသမီးများစာရင်းကို အမှတ်စာရင်းမိတ္တူနှင့် ကျောင်းထောက်ခံချက်ပူးတွဲ၍လည်းကောင်း၊ နာယက ဗိုလ်မှူးကျော်ဝင်း (ငြိမ်း) ဖုန်း–၂၉၁၂၀၀၊ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း–၃၇၆၈၄၈၊ ၀၉၅၁ ၂၆၄၈၉၊ ဒုတိယဥက္ကဋ္ဌ ဦးမြမောင် ဖုန်း–၆၄၃၆၂၀၊ ၀၉၅၀ ၁၂၁၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ကြည်မြင့် ဖုန်း–၆၉၉၉၈၇၊ ၀၉၅၁ ၃၆၄၀၁၊ အတွင်းရေးမှူး(၃) ဦးမောင်မောင်သိန်းဖေ ဖုန်း–၀၉၅၁၁၂၃၀၇၊ အသင်းရုံးခန်း ဖုန်း–၃၈၂၀၈၇နှင့် နီးစပ်ရာ အမှုဆောင်တို့ထံ ဖေဖော်ဝါရီ ၁၆ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးကြပါရန် အမှုဆောင်အဖွဲ့မှ နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး
တောင်ကြီးမြို့ ရွှေရင်အေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၂၀၀၇–၂၀၀၈)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ကျောင်းကြီးစုရပ်ကွက် ရွှေရင်အေး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက် နံနက် ၉နာရီက အဆိုပါလမ်းထိပ်မုခ်ဦးတွင် ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းအေးနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ လမ်းနှင့်ပတ်သက်သော အချက်အလက်များအား ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ရှင်းလင်းတင်ပြ၍ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကတ္တရာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါလမ်းသစ်သည် အလျား ပေ ၂၁၃၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေမှ ၁၄၃ဒသမ ၅သိန်း ကုန်ကျခံကာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေရင်အေး ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက်စဉ်။

(သတင်းစဉ်)

USAID မှ အာရှဒေသ ကူးစက်ရောဂါဆိုင်ရာအဖွဲ့ခေါင်းဆောင်
ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗန်ကောက်အခြေစိုက် USAID ၏ အာရှဒေသဆိုင်ရာ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအဖွဲ့ခေါင်းဆောင် Dr. John Mac Arthur နှင့် USAID မှ ဓာတ်ခွဲခန်းဆိုင်ရာအကြံပေးပုဂ္ဂိုလ် Dr. Sudarat တို့ ပါဝင်သောအဖွဲ့သည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းနှင့်အဖွဲ့အား ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာကိစ္စများနှင့် USAID မှ ၂၀၀၈ခုနှစ်အတွင်း ဆက်လက်ပံ့ပိုးမည့်အစီအစဉ်များကို ဆွေးနွေးသည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းက မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (OIE)၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းရှိဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရှင်းလင်းဆွေးနွေးသည်။

Dr. John Mac Arthur က မြန်မာနိုင်ငံ၏ ကြက်ငှက်တုပ်ကွေးရောဂါနှင့် လူတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်မှုများကို ကျေနပ်အားရကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ရန်ကုန်တိရစ္ဆာန် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းဝင်းအတွင်းရှိ သို့လှောင်ရုံ၌ USAID က FAO မှတစ်ဆင့် ပေးပို့ထားသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထိန်းသိမ်းထားရှိ ဖြန့်ဖြူးမှုနှင့် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းတွင် ရောဂါစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုကြသည်။

အဆိုပါအဖွဲ့သည် ယင်းနေ့နံနက်ပိုင်းတွင် FAO မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Tang Zhengping အား သွားရောက်တွေ့ဆုံပြီး ၂၀၀၆ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် USAID နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

မရမ်းကုန်းမြို့နယ် ဘက်စုံဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက်က အထက(၁) စန္ဒီမာခန်းမတွင်ကျင်းပရာ အမက(၁၇) မရမ်းကုန်း ဒုတိယတန်းမှ အာဆီယံပန်းချီ၊ အိန္ဒိယနိုင်ငံ ရှန်ကာပန်းချီပြိုင်ပွဲများ၏ တိုင်းအဆင့် ထူးချွန်ဆုရရှိသူ မသိမ့်သဉ္ဇာလှိုင်အား မြို့နယ်ပညာရေးမှူး ဦးတင့်လွင် ဆုများကို ချီးမြှင့်စဉ်။

(ပညာရေး)

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းနှင့်အဖွဲ့ ဗန်ကောက်အခြေစိုက် USAID ၏ အာရှဒေသဆိုင်ရာ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအဖွဲ့ခေါင်းဆောင် Dr. John Mac Arthur နှင့် ဓာတ်ခွဲခန်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Sudarat တို့ ပါဝင်သော အဖွဲ့တို့ ရန်ကုန်မြို့ အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

● **ဆေးခြောက်မှ**

ဆေးခြောက်ရှူသူများသည် စီးကရက်သောက်သူများထက် သွေးအတွင်း၌ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ပါဝင်မှု ငါးဆပို၍များနေသည်ကို လေ့လာတွေ့ရှိရကြောင်း သိရသည်။

သုတေသီများသည် အဆုတ်ကင်ဆာဖြစ်နေသူ ၇၉ဦးတို့ကို လေ့လာစူးစမ်းမှုများပြုလုပ်ခဲ့သည်။ ထိုလူနာများ၏ ဆေးလိပ်သောက်သည့် အလေ့အကျင့်၊ မျိုးရိုးတွင် ကင်ဆာရောဂါရှိ မရှိ၊ အလုပ်အကိုင်၊ အရက်သောက်သည့် အလေ့အကျင့်နှင့် ဆေးခြောက်ရှူသည့် အလေ့အကျင့် စသည့်အချက်အလက်များကို လေ့လာစူးစမ်းခဲ့သည်။ ယခုလေ့လာမှုတွင် ဆေးခြောက်နှင့် အဆုတ်ကင်ဆာဆက်စပ်မှုကို ထင်ရှားစွာ တွေ့ရသည်ဟု လေ့လာသူပညာရှင်များက ပြောကြားသည်။ နယူးဇီလန်နိုင်ငံတွင် အဆုတ်ကင်ဆာရောဂါဖြစ်ပွားသူ ၂၀ လျှင် တစ်ဦးမှာ ဆေးခြောက်သောက်သုံးခြင်းကြောင့်ဖြစ်သည်။

အင်တာနက်။

✡ **ကျောဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ Myanmar Winery Distillery Co.,Ltd. နှင့် ဇေကမ္ဘာကုမ္ပဏီတို့က ငွေကျပ် သိန်း ၅၀စီ၊ ဒေါက်တာကျော်ခိုင်၊ သုဓမ္မသီဂီ ဒေါ်စိန်ထွေး (ခိုင်သစ္စာကျောက်မျက်ကုမ္ပဏီ)က ငွေကျပ် သိန်း ၁၀၀၊ ဓနုတ်စေတီတော် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင် မိသားစုက ငွေကျပ် ငါးသိန်း အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၄၀၉၁၅၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ရှေးဟောင်းသမိုင်းဝင် ဓနုတ်စေတီတော်မြတ်ကြီးကို သာသနာသက္ကရာဇ် ၂၄၀ပြည့်နှစ် သထုံမင်း စူဠသီမာသောကမင်းကြီး လက်ထက်တွင် သံဃာတော် အရှင်သုဇာသကကြီးမှူး၍ ဆံတော်နှစ်ဆူ၊ ဓာတ်တော် ၂၄ဆူတို့ကို ဌာပနာ၍ တည်ထားသော ရှေးဟောင်းသမိုင်းဝင် စေတီတော်မြတ်ကြီးဖြစ်သည်။

ဓနုတ်စေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရင်ငွေ့လှုံနေစဉ်အတွင်း အများပြည်သူများ လှူဒါန်းကြည်ညို သဒ္ဓါပွားနိုင်ရေးအတွက် ရွှေတိဂုံစေတီတော်၌ ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ အလှူခံဌာနတစ်ခု ထပ်မံဖွင့်လှစ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး တနင်္သာရီတိုင်း ပုလောမြို့နယ် မလိကျွန်းနှင့် သရက်ချောင်း၊ လောင်းလုံမြို့နယ်တို့မှ ဌာနဆိုင်ရာများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ရေယာဉ်ဖြင့်ထွက်ခွာကြရာ နံနက် ၇ နာရီတွင် ပုလောမြို့နယ် မလိကျွန်းသို့ရောက်ရှိကြပြီး သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(မလိကျွန်း)၌ ပုလဲထုတ်လုပ်ရန်အတွက် မုတ်ကောင်များမွေးမြူထားရှိမှု၊ မုတ်ကောင်များအတွင်း ဝတ်ဆန်သွင်းနေမှုနှင့် မလိကျွန်းမှထွက်ရှိသော ပုလဲအမျိုးအစားများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မလိကျွန်း ကျောက်ထရံကျေးရွာသို့ ရောက်ရှိကြပြီး မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြကာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မလိကျွန်း အော်တိုတယ်လီဖုန်းနှစ်လုံး၊ လိုင်းအိတ်ချိန်းခုံ ၃၀ တို့ဖြင့် ဆက်သွယ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မလိကျွန်း တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိ၍ Computer Room၊ Audio Room နှင့် စာကြည့်တိုက်တို့၌ ကျောင်းသား ကျောင်းသူများ လေ့ကျင့်သင်ယူနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး ကျောင်းခန်းမ၌ ပုလောမြို့နယ်နှင့် မလိကျွန်းရှိ ကျေးရွာများမှ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ငရုတ်ကောင်းသီးနှံများ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း ခန်းမ၌ အရာရှိ၊ စစ်သည်များအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး တပ်ရင်းမိသားစုများအတွက် ဆီ၊ စားသောက်ကုန်၊ ထောက်ပံ့ငွေနှင့် သတင်းစာ၊ ဂျာနယ်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သရက်ချောင်းမြို့သို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ ဗိုလ်ချုပ်သာအေးက လိုအပ်သည်များ မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့သို့ ရောက်ရှိကြပြီး ထားဝယ်မြို့ ဃောသိတာရာမ ကျောင်းတိုက်၌ ထားဝယ်မြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လောင်းလုံမြို့နယ် မြို့ဟောင်းကျေးရွာ၌ ကျင်းပသည့် နွေစပါးစုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

အဆိုပါ မြို့ဟောင်းကျေးရွာတွင် ကွင်းအမှတ်(၄၈၃)၌ မြို့ဟောင်း၊ စခန်းကြီးနှင့် တောင်မင်းပြောင်ကျေးရွာတို့မှ တောင်သူ ၂၆ ဦးတို့က မြစ်ရေတင်စနစ်ဖြင့် နွေစပါးဧက ၁၀၀ စိုက်ပျိုးရန်လျာထားရာ ယခုအခါ ၃၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လောင်းလုံမြို့သို့ ရောက်ရှိကြပြီး ဗထူးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ဆီအုန်းစက်ရုံ လောင်းလုံသို့ ရောက်ရှိကြကာ စက်ရုံ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆီအုန်းပင်မှ စွန့်ပစ်ဆီသီးခိုင်ခြောက်များ အပူပေးရာမှ ရရှိသော အငွေ့ဖြင့် တာဘိုင်စက် လည်ပတ်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူကာ စက်ရုံ လည်ပတ်မှုအဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်ရုံဧရိယာအတွင်း ဆီကြိမ်ထုတ်လုပ်ရေးအတွက် ဆီအုန်းပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး လောင်းလုံမြို့နယ် မြို့ဟောင်းကျေးရွာ နွေစပါးစုပေါင်းစိုက်ပျိုးပွဲတွင် ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်း) သက်ကြီး တိုင်းရင်းဆေးဆရာကြီးများအား ပူဇော်ကန်တော့

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်း)မှ ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် သက်ကြီး တိုင်းရင်းဆေးဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီက ငါးထပ်ကြီး ဘုရားလမ်း တိုင်းရင်းဆေးရုံကြီးဝင်းအတွင်းရှိ ဇီဝကခန်းမဆောင်၌ ကျင်းပသည်။

ဩဝါဒစကား

ရှေးဦးစွာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဆရာကြီး ဦးမောင်ဉာဏ်က ဩဝါဒ အမှာစကား ပြောကြားသည်။

ကန်တော့

ယင်းနောက် အခမ်းအနားမှူး ဦးထွန်းရွှေ(ထွန်းရွှေဝါ)က ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးတို့မှ အပူဇော်ခံ ဆရာကြီး ၉၀ တို့၏ အမည်စာရင်းကို ဖတ်ကြားတင်ပြ၍ တက်ရောက်လာကြသူများက အပူဇော်ခံ ဆရာကြီးများအား ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ကန်တော့ကြပြီး အပူဇော်ခံဆရာကြီးများ၏ ကိုယ်စား မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)မှ ဆရာကြီး ဦးကြည်က ကျေးဇူးတင် ဩဝါဒစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ဦးမောင်မောင်ဦး၊ ဦးတင်မောင်၊ ဒေါ်တင်နွယ်ဦးနှင့် ဦးခင်မောင်ထွန်းတို့က အပူဇော်ခံ ဆရာကြီးများအား ကန်တော့ခံ လှူဒါန်းငွေနှင့် ပစ္စည်းများ ပေးအပ်ကာ**(အောက်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဇ္ဈ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အတီးပြိုင်ပွဲ
၈:၂၀ ၇။ ရွှေလောင်းတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Say It In English.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၂:၀၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "အဖြူရောင် ကြိုးကလေး" (လူမင်း၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂:၀၀ ၆။ မြတ်ဗုဒ္ဓမဖွဲ့မ၏ အနှိုင်းမဲ့ရတနာ
၂:၁၅ ၇။ အကပြိုင်ပွဲ
၂:၃၀ ၈။ စလင်းရေလှောင်တမံ
၂:၄၅ ၉။ International News.
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Every day Use.
၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)**
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ **"ညှော်မယ်ဗျို့" (ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၆:၅၀ ၁၁။ တေးဂီတအစီအစဉ်
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း-၁၀)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သော အချစ်နေ့" (အပိုင်း-၁၈)
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ မန္တလေးစက်မှုဇုန်ရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန်　　ဖေဖော်ဝါရီ　　၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေသည် ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန် ၆၂ လမ်းနှင့် ကနောင်မင်းသားကြီးလမ်းထောင့်ရှိ ဥရောပအာရှကော်မာရှယ်ကုမ္ပဏီလီမိတက်၏ ပါဝါ ဓာတ်ခဲစက်ရုံသို့ ရောက်ရှိပြီး ဓာတ်ခဲဇင့်ဘူးထုတ်လုပ်မှုစက်ရုံတွင် စက်များဖြင့် ဓာတ်ခဲဇင့်ဘူးများ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း၊ ဓာတ်ခဲကုန်ချော ထုတ်လုပ်သည့်စက်ရုံသို့ ရောက်ရှိပြီး ဓာတ်ခဲစာနှင့်ကာဗွန်ချောင်းထည့်ခြင်း၊ ဓာတ်ခဲစာများကို ဘွိုင်လာထဲတွင်ကော်ရည်ထည့်ခြင်း၊ အအေးခံခြင်း၊ ဖယောင်းလောင်းခြင်း၊ ကာဗွန်ချောင်းဆေးကြောခြင်း၊ အအေးခံခြင်း၊ ဇက်ပိုင်းပြားများတပ်ဆင်ခြင်း၊ ကတ္တရာလောင်းခြင်း၊ ကာဗွန်ချောင်း စတီးခေါင်းအုပ်ခြင်း၊ အဖုံးနီအုပ်ခြင်း၊ နှုတ်ခမ်းလုံးခြင်း၊ ဓာတ်ခဲဇင့်ခွက်ဖင်ဆေးခြင်း၊ တံဆိပ်စွပ်ခြင်း၊ ကုန်ချောများ ပါကင်ထုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းစက်ရုံတွင် ၉၉၉ တံဆိပ်နှင့် ပါဝါတံဆိပ် ဓာတ်ခဲ R20,R6 အမျိုးအစားတို့ကို တစ်နေ့လျှင် အလုံးငါးသောင်းနှုန်းထုတ်လုပ်က ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် နှင်းဆီ ဆေးကြောသန့်စင်စက်ရုံရှိ ဆပ်ပြာမှုန့် ထုတ်လုပ်သည့် စက်ရုံသို့ ရောက်ရှိကြပြီး ဆပ်ပြာမှုန့်ပြုလုပ်သည့် ကုန်ကြမ်းပစ္စည်းများ ခင်းကျင်းပြသမှု၊ စက်ရုံထိန်းချုပ်ရေး စက်ခန်း၌ ကွန်ပျူတာများဖြင့် စက်ရုံလုပ်ငန်းများ ထိန်းချုပ်လုပ်ဆောင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ စက်ရုံမှ E-LAN၊ ECO၊ ROSE၊ WIN၊ E-ZEE၊ ဖွေးဆပ်ပြာမှုန့်များကို ထုတ်လုပ်ပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ၅၉ လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြားရှိ မန်းစတားမော်တော်ယာဉ် ထုတ်လုပ်ရေးအလုပ်ရုံသို့ရောက်ရှိပြီး ကားဘော်ဒီ၊ ပေါင်များ ပြုလုပ်ရန် သံပြားများ ဖြတ်တောက်မှုလုပ်ငန်းကို လည်းကောင်း၊ သံပြားခေါက်စက်ဖြင့် သံပြားများခေါက်နေမှုလုပ်ငန်းကို လည်းကောင်း၊ ကြမ်းခင်းဘော်ဒီများကို ပုံဖိစက်ဖြင့် ပုံဖိခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဆေးပေါင်းခန်းတွင် ဆေးအချောမှုတ်ခြင်း လုပ်ငန်းကို လည်းကောင်း၊ ကားဘော်ဒီ၊ ကားခေါင်း၊ ဖရိန်တပ်ဆင်မှုလုပ်ငန်းကိုလည်းကောင်း၊ ဖရိန်ထုတ်လုပ်မှုလုပ်ငန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် ၅၁လမ်းနှင့် ဖိုးရာဇာလမ်းရှိ မန္တလေးတော်ဝင် စက်မှု လက်မှု ကုမ္ပဏီလီမိတက်၏ သံရည်ကျို၊ စက်ခုတ်စား၊ ပုံလောင်း၊ ပုံဖိစက်ရုံရှိ FOUNDRY စက်ရုံ၊ MACHINE SHOP-2 စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ဥရောပ-အာရှကော်မာရှယ် ကုမ္ပဏီလီမိတက်၏ ပါဝါဓာတ်ခဲစက်ရုံတွင် ဓာတ်ခဲထုတ်လုပ်မှု အဆင့်ဆင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြစ်ကြီးနားတက္ကသိုလ် အာစရိယပူဇော်မည်

ရန်ကုန်　ဖေဖော်ဝါရီ　၂

မြစ်ကြီးနား ဥပစာကောလိပ်၊ မြစ်ကြီးနားကောလိပ်၊ မြစ်ကြီးနားဒေသကောလိပ်၊ မြစ်ကြီးနားဒီဂရီကောလိပ်၊ မြစ်ကြီးနားတက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၅)နှစ်နှင့်အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးတို့အား မတ် ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မြစ်ကြီးနားတက္ကသိုလ် ဗဟိုခန်းမ၌ အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်၍ မြစ်ကြီးနားကောလိပ်၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေများကို ဒေါ်ကြည်ကြည်စိန် ပါမောက္ခ-ဌာနမှူး၊ သင်္ချာဌာန မြစ်ကြီးနားတက္ကသိုလ်၊ ဖုန်း-၀၉-၂၄၀၀၅၀၈၊ ဒေါ်ဘောက်ဂျာ ပါမောက္ခ၊ဌာနမှူး၊ ရက္ခဗေဒဌာန၊ မြစ်ကြီးနားတက္ကသိုလ် ဖုန်း-၀၇၄-၂၃၂၇၉၊ ၀၉၉၀၄၅၁၃၀၊ ဒေါ်နုနုအေး ဌာနမှူး၊ ရူပဗေဒဌာန၊ မြစ်ကြီးနားတက္ကသိုလ်ဖုန်း-၀၉-၅၁၁၃၃၂၀၊ ဒေါက်တာခင်ဖြူဖြူအေး ပါမောက္ခ ရက္ခဗေဒဌာန မြစ်ကြီးနားတက္ကသိုလ် ဖုန်း-၀၇၄-၂၂၄၀၃၊ ၀၉ ၂၀၁၄၀၅၆၊ ဒေါ်နုနုရီ ဒုတိယ ပြည်နယ် မန်နေဂျာ၊ မြန်မာ့စီးပွားရေး ဘဏ် မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၂၈၉၄၊ ဦးခက်ထိန်နန် (လုပ်ငန်းရှင်)တစ်ဆင့် မနော်ရုံး၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဦးသိန်းချစ် ကုန်သည် မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၅၂၃၅၊ ၀၉၂၀၁၄၅၈၁၊ ဒေါ်ဂျေကိုင်နောင်း၊ ရုံးအုပ်၊ မြစ်ကြီးနားတက္ကသိုလ် ဖုန်း-၀၇၄-၂၂၆၆၃၊ ဦးဖရီလာ (သ/မ ဦးစီး-ငြိမ်း)၊ ဖုန်း-၀၁-၆၈၀၈၀၃၊ ၀၁-၆၈၆၁၅၈၊ ဒေါ်စန္ဒာထွန်း လက်ထောက်ကထိက ရက္ခဗေဒဌာန၊မန္တလေးတက္ကသိုလ် ဖုန်း-၀၉-၂၀၂၂၀၉၃၊ ဒေါ်လှလှဝင်း ဟိုပင်မြို့ ဖုန်း-၀၇၄-၆၂၄၈၈တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (က-ပ)

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် အရိုးကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်သန္ဓေမီးသတ်အဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးအရာရှိ ရဲသူရိန်သိန်းမြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ် ဒုတပ်ရင်းမှူး ဦးမြင့်အောင်နှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ (၀၈)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကံဘဲ့ ဘူတာရုံလမ်း ပဋ္ဌနိကာယ သာသနာ့ ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ် သာသနာတော်ထွန်းကားရေး အသင်းကြီး၏ စာအောင်ပူဇော်ပွဲ ထာဝရပဒေသာပင်အတွက် ဗဟန်းမြို့နယ် သီရိဂုဏ်ရည်ခြံ ဆရာစံမြောက်/အနောက်ရပ်ကွက်နေ နိကာယ် အသင်းနာယက သီဟသုဓမ္မဇောတိကဓဇ ဆင်မင်း ဦးတင်ရွှေ-ဒေါ်ကြည်ကြည် မိသားစုက အလှူငွေကျပ် ၅၅၀၀၀၀ ကို အသင်း ဥက္ကဋ္ဌ ဦးသောင်းလွင်နှင့် အမှုဆောင် အဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဟောမန္တ ဓမ္မသဘင် ကျင်းပမည်

သဒ္ဓမ္မရံသီရိပ်သာ သုံးထပ်သံဃာဆောင်သစ် ရေစက်ချမင်္ဂလာ အခမ်းအနား ကျင်းပ

ရန်ကုန်　　ဖေဖော်ဝါရီ　　၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်ရှိ သဒ္ဓမ္မရံသီရိပ်သာအတွင်း၌ တည်ဆောက်ပြီးစီးသွားသော သုံးထပ်သံဃာဆောင်သစ်ကြီး ရေစက်ချမင်္ဂလာ အခမ်းအနားကို အဆိုပါရိပ်သာ၏ သိမ်တော်ကြီး၌ကျင်းပရာ ပါမောက္ခ ဒေါက်တာမြအောင်ကအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး သဒ္ဓမ္မရံသီဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာစည်ဦးသျှောင်နာယက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသအား ဦးထိပ်ထား၍ ရိပ်သာ၏ နာယကဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသိရိန္ဒထံမှ ပရိသတ်တို့ကငါးပါးသီလဆောက်တည်ကြပြီး **(အပေါ်ပုံ)** လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဓိနမာရ်အောင်စေတီအနီး သုညတဓမ္မကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ မဂ္ဂဓမ္မလေးထပ်ကျောင်းဆောင် မတည်အလှူရှင် နှစ်ဖက်သော မိဘများအား အမှူးထား၍ ကိုဇော်နိုင်မိုး-မဇာမွန်အိ၊ သား ပီတိမိုးနိုင် မိသားစုက အလှူငွေကျပ် သိန်း ၂၀ ကို သုညတဓမ္မဆရာတော် ဦးစန္ဒသေနထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်းနေ ဒေါ်ထွေးတင်နှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရီရီမြင့်တို့ လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်　ဖေဖော်ဝါရီ　၂

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၅၁ ရပ်ကွက်၊ မြဝတီမင်းကြီး (၁)လမ်း၊ သိရီမင်္ဂလာ မဟာစည်ရိပ်သာ ကျောင်းတိုက်တွင် (၁၄) ကြိမ်မြောက် ဟောမန္တ ဓမ္မသဘင်အထူးတရားပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ၆ ရက် ည ဓမ္မဒူတ အရှင်ဆေကိန္ဒ(ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ၇ ရက် ည၌ ဖြူးဆရာတော် ဦးနရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ၈ ရက် ည၌ တွံတေးအရှင်ဣန္ဒက (ဓမ္မကထိကဗဟုဇနဟိတဓရ)၊ ၉ ရက် ည၌ မဟာမြိုင်ဆရာတော် ဦးရာဇိန္ဒ (သာသနဓဇဓမ္မာစရိယ)၊ ၁၀ ရက် ည၌ စစ်ကိုင်း ရွှေဟသ်ာ ဆရာတော် ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရတို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှိုင်သာယာမြို့နယ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယမန်နေ့နံနက်က လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကင်းရှင်းစေရန် အမှတ်(၇)ရပ်ကွက်ရှိ စိန်ပန်းမြိုင်လမ်း၊ တေးဥယျာဉ် (၁)၊(၂)၊(၃)လမ်းတို့၌ ခြင်ဆေးငွေ့မှုတ်ခြင်း၊ ဆေးစိမ်ခြင်ထောင်ဖြင့် ဆေးစိမ်သရုပ်ပြခြင်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် လှိုင်သာယာမြို့နယ် အမှတ်(၁၈)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းနှင့် ရွှေရင်အေးကျောင်းလမ်းဆုံ၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်မည့် ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်း တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် အမှတ်(၁၈)ရပ်ကွက်ရှိ ရွှေရင်အေးဘုရားလမ်းအား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးမှုဖြင့် လမ်းအရှည် ၃၀၅၂ပေ၊ အကျယ် ၁၂ပေအား ကျောက်ချောကတ္တရာလမ်း အဖြစ် အဆင့်မြှင့် ဆောင်ရွက်နေသည်များကို လိုက်လံကြည့်ရှု စစ်ဆေးအားပေးပြီး ရပ်ကွက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၁၉)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းလှိုင်သာယာ မြို့နယ် အမှတ် (၁၈) ရပ်ကွက်ရှိ ရွှေရင်အေးဘုရားလမ်း ကျောက်ချောကတ္တရာခင်းကျင်းမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(၁၉)

အထက(၃) စမ်းချောင်း နဝမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အထက (၃)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ/ဆရာမကြီးများအား နဝမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂ရက်(တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ ၂၇ရက်မှစ၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို အဆိုပါကျောင်း၌ ကျင်းပသွားမည်ဖြစ်ရာ ကျောင်းသား/ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေထည့်သွင်းလိုသူများသည် ဦးအေးသိန်း ဖုန်း-၀၉-၅၁၀၈၀၈၇၊ ဦးခင်ဝင်း ဖုန်း-၀၉-၅၁၃၈၂၃၃၊ ဦးကံသာ ဖုန်း-၅၀၁၄၂၅၊ ဦးသန်းထွန်းဦး ဖုန်း-၅၁၉၀၂၈၊ ဆရာရွှေဇီဝ ဖုန်း-၀၉-၅၁၄၉၅၃၃၊ ဦးမင်းအောင်နိုင် ဖုန်း-၀၉-၉၉၂၅၂၂၈၊ ဒေါ်ကြည်ကြည်ထွေး ဖုန်း-၀၉-၈၀၂၁၃၂၆၊ ဦးနန်းအောင်ကြည် ဖုန်း-၀၉-၅၁၉၇၇၃၉၊ ဦးမျိုးသန့် ဖုန်း-၀၉-၈၀၂၃၅၃၅၊ ဦးခင်မောင်ဝင်း ဖုန်း-၅၁၀၆၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂ရက်က အထက-သုဝဏ္ဏ သီရိသုဝဏ္ဏပညာခန်းမ၌ ကျင်းပရာ လူမှုထူးချွန်ပထမဆင့်ရရှိသောအမက(၁၇)မှအလယ်တန်းပြဆရာမ ဒေါ်မော်မော်ဦးအား မြို့နယ်ပညာရေးမှူး ဦးရှိန်းလိန်းအောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။(ပညာရေး)

ကျောက်တန်းမြို့နယ် ပုတ္တလုပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၅ရက်က ကျောင်းခန်းမဆောင်၌ကျင်းပရာ သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ (၇)နှစ်ဆက်တိုက် ပညာရည်ချွန်ဆုရရှိသူ မကေခိုင်ဖြိုးအား ကျောင်းအုပ်ဆရာမကြီးဒေါ်တင်မာကြည် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

လှည်းကူးမြို့နယ် အထက(ခွဲ)ငါးဆူတောင်၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် စတုတ္ထတန်းမှ ဘက်စုံထူးချွန်ဆုရရှိသော မသင်းသန့်သန့်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဆုချီးမြှင့်စဉ်။

(က-ပ)

ထူးခြားသည့် ညအပူချိန်များ

၂-၂-၂၀၀၈

ဟားခါး
(-၂)ဒီဂရီစင်တီဂရိတ်

ပူတာအို
(၃)ဒီဂရီစင်တီဂရိတ်

ပြင်ဦးလွင်
(၄)ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၂-၂၀၀၈

ဘားအံ
(ဝဒသမ ၃၁လက်မ)

မော်လမြိုင်
(ဝဒသမ ၂၈လက်မ)

သထုံ
(ဝဒသမ၂၄လက်မ)

မြတ်သန္တာ မဟာစည်ရိပ်သာတရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာမဟာစည်ရိပ်သာ၌ ဖေဖော်ဝါရီ ၁၅ရက်မှ ၂၂ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားများကို အခြေခံမှစ၍ သိရှိနားလည်နိုင်ရန် အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများရိပ်သာ ဖုန်း-၇၀၇၄၉၇၊ ၀၉၅၁၇၆၅၇၃၊ ၀၉၅၁၇၆၅၇၅ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။

(က-ပ)

သဲအင်းဂူ(မှော်ဘီ)တွင် ဓုတင်နယ်မြေ တည်ထောင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ တည်ထောင်တော်မူခဲ့သော မူလသဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး တွင် အားထုတ်လျက်ရှိသော သဲအင်းဂူဝိပဿနာတရားများကို ဓုတင်ပဋိပတ် အကျင့်မြတ်များနှင့် တွဲဖက်အားထုတ်နိုင်ရန်ရည်ရွယ်၍ ကျောင်းတိုက်၏ အကျယ်အဝန်း ဧက ၇၀မှ မူလသဲအင်းဂူဆရာတော်ကြီးဦးဥက္ကဋ္ဌ၏ဓာတ်တော် မြှုပ်စေတီပတ်လည်ရှိ သာသနာ့မြေ ၁၄ဧကကို ဓုတင်နယ်မြေအဖြစ် သီးခြား သတ်မှတ်၍ဆောင်ရွက်မည်ဖြစ်ရာ ယင်းသို့ဆောင်ရွက်ရာတွင် ကျပ်သိန်း ၁၅၀၀ခန့် ကုန်ကျမည်ဖြစ်ပါ၍ စေတနာရှင်များသည် ဖုန်း-၆၂၀၀၁၉နှင့် ၀၉-၅၀၃၈၅၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

အထက(၁)လသာ (စင်ထရယ်ကျောင်း) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂

အထက(၁)လသာ(ယခင်စင်ထရယ်ကျောင်း)မှ ၁၉၆၅ခုနှစ် နောက်ပိုင်း ကျောင်းသားဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)လသာကျောင်း ခန်းမ(ဗဟိုစံပြခန်း)ဆောင်၌ ကျင်းပမည်ဖြစ်၍ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ရှိတာပေးမဝေးစေနဲ့"တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်)
၇း၄၅-၁း၄၅	Soccer Update
၈း၀၀-၂း၀၀	Sunday Talk [မျိုးမြတ်သူ၊တက္ကသိုလ်ထွန်းနောင်]
၈း၅၅-၂း၅၅	လွင်မိုးခရီးသွားနေသည်(အပိုင်း-၂)
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	ဖိတ်ခေါ်ချင်သည် တောင်စခန်းမြို့ဆီ
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀-၄း၀၀	နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	ACTIVITIES IN THE CITY
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	Euro Goals
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	မြတ်ဗုဒ္ဓမဇ္ဈိမ၏အနှိုင်းမဲ့ရတနာ
၁၁း၅၅-၅း၅၅	၂၀၀၅ ခုနှစ် အကယ်ဒမီညမြင်ကွင်းများ (အသံဆု၊ တေးဂီတဆု၊ ဇာတ်ကားဆု၊ အမျိုးသား ဇာတ်ဆောင်ဆု)
၁၂း၃၅-၆း၃၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ကွာတားဖိုင်နယ်ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Ghana-Nigeria	Euro Sport (Live)
၃း၀၀	Ivory Coast-Guinea	Euro Sport (Live)

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Newcastle-Middlesbrough	ESPN(Live)
၁၀း၂၅	Fulham-Aston Villa	ESPN(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Inter Milan-Empoli	5-Cartoon(Live)
၂း၀၀	Fiorentina-AC Milan	5-Cartoon(Live)

ပထမတန်းအမှတ်ပေးဘောလုံးပွဲ Air Bagan ဗိုလ်စွဲ

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၂

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းတွင် ဆက်လက်ကျင်းပရာ Air Bagan F.C အသင်းက အမှတ်(၂) လျှပ်စစ်စွမ်းအားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပြိုင်ပွဲမပြီးဆုံးသေးသော်လည်း ၂၁မှတ်ဖြင့် ပထမတန်း အမှတ်ပေး ချန်ပီယံဆုကိုဆွတ်ခူးရရှိပြီး အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့် ရရှိသွားပြီဖြစ်သည်။

Air Bagan အသင်း **တစ်ဂိုး**
(ဂိန်မာန်ဦး)
အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်း ဂိုးမရှိ
ဒိုင်လူကြီး **ဦးလှတင့်**

ယနေ့ပွဲအနိုင်ရလျှင် အမှတ်ပေး ချန်ပီယံဖြစ်ပြီး အဆင့်မြင့်တန်းသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်၍ နှစ်သင်းစလုံးအထူး ကြိုးစားယှဉ်ပြိုင်ခဲ့ကြပြီး Air Bagan အသင်းက ဒုတိယပိုင်းတွင် သွင်းယူသော တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ပထမတန်း အမှတ်ပေး ချန်ပီယံဆုကြီးကို ဆွတ်ခူးရရှိသွားသည်။

ချန်ပီယံ အဆုံးအဖြတ်ပွဲ ဖြစ်၍ ပရိသတ်အားပေးမှုများပြားခဲ့ပြီး Air Bagan နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားတို့မှာလည်း အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ ပထမပိုင်းတွင် Air Bagan အသင်းမှာ ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း လျှပ်စစ်စွမ်းအားဂိုးသမားနှင့် နောက်ခံလူများ ဖျက်ထုတ်ကာကွယ်နိုင်ခဲ့ကြသည်။ ၂၃မိနစ်တွင် ပြစ်ဒဏ်ဘောကို ဇင်မင်းဦးကန်တင်ပေးရာမှတစ်ဆင့် ဂိန်မာန်ဦးခေါင်းတိုက်သွင်းသော်လည်း ဂိုးသမား နိုင်ဇေယျာထွန်း လက်စွမ်းပြကာကွယ်နိုင်၍ Air Bagan အဖွင့် ဂိုးရခွင့်ဆုံးရှုံးကာ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းတွင်အမှတ်(၂) လျှပ်စစ်စွမ်းအား ကစားအား ပြန်တင်လာ၍ တစ်ကျော့ပြန် ဖိကစားလာနိုင်သည်။ ၂၂မိနစ်တွင် ရဲထွန်းနိုင် အနီးကပ်ကန်သွင်းခွင့်ရရှိသော်လည်း ဘားပေါ်ကျော်သွား၍ လျှပ်စစ်စွမ်းအားအသင်း နစ်နာခဲ့ရသည်။ လက်ရွေးစင်ဟောင်း မောင်မောင်ကြီး၊ အဆင့်မြင့်တန်းမှ ကမ္ဘောဇ ကစားသမားဟောင်းဂိန်မာန်ဦးနှင့် ဘဏ္ဍာ/အခွန် ကစားသမားဟောင်း ဇင်မင်းဦး၊ ယူ-၁၇ လက်ရွေးစင် ဝေလင်း၊ တင်ဝင်းအောင်၊ ရန်အောင်ဝင်းတို့ ပါဝင်လာသည့် Air Bagan အသင်းမှာ အနိုင်ရရှိမှသာ ချန်ပီယံ ဖြစ်မည်ဖြစ်၍ ကြိုးစားကစားခဲ့ရာ မိနစ်၃၀တွင် ဂိန်မာန်ဦးက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေး နိုင်ခဲ့သည်။

ပထမတန်း အမှတ်ပေးပြိုင်ပွဲမှာ ဖေဖော်ဝါရီ ၁၈ရက်တွင် ပြီးစီးမည်ဖြစ်သော်လည်း Air Bagan အသင်းက ပွဲကုန် (၉)ပွဲကစား၊ (၇)ပွဲနိုင်၊ (၂)ပွဲရှုံး၊ (၂၁)ဂိုးသွင်း၊ (၈)ဂိုးပေး၊ ရမှတ် (၂၁)မှတ်ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးသွားပြီဖြစ်သည်။

ပွဲအပြီးတွင် Air Bagan အသင်း အုပ်ချုပ်သူ ဦးအောင်ကျော်လွင်က "အသင်း ကို ယခုနှစ်မှ စတင်ဖွဲ့စည်းပြီး ပြိုင်ပွဲဝင်တာဖြစ်၍ အောင်မြင်မှုရရန် အထူးကြိုးစားခဲ့ရပါကြောင်း၊ အသင်းရဲ့ လိုအပ်ချက် မှန်သမျှကို ဖြည့်ဆည်းပေးသလို ကစားသမားများ၏ စိတ်ဓာတ်ပိုင်းကိုလည်း သွန်သင်မြှင့်တင် ပေးခဲ့ပါကြောင်း၊ အသင်းနိုင်ပွဲရတိုင်း ဂုဏ်ပြု ဆုငွေများ ချီးမြှင့်ခဲ့သလို ယခုဗိုလ်စွဲခဲ့၍လည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြု ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ လာမည့် ဘောလုံးရာသီတွင် အဆင့်မြင့်တန်း၌ ကစားရမည်ဖြစ်၍ အသင်းကို ယခုထက် ကောင်းအောင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

နည်းပြ ဦးမျိုးလှိုင်ဝင်းကလည်း "မိမိတို့အသင်း ယခုလိုဗိုလ်စွဲခဲ့ခြင်းမှာ ဘောလုံးသမားများ ကြိုးစားမှုကောင်း၍ဖြစ်သလို လူကြီးများ၏ ပံ့ပိုးမှုကောင်း၍ဖြစ်ကြောင်း၊ ကစားသမားများ မှာကြားသည့်အတိုင်း ကစားခဲ့ရ၍လည်း အောင်ပွဲရရှိခြင်းဖြစ်ကြောင်း၊ အသင်းတွင် မောင်မောင်ကြီးနှင့် ဂိန်မာန်ဦးတို့သာ ဝါရင့်ကစားသမားအဖြစ်ပါပြီး ကျန်ကစားသမားများမှာ လူငယ်ကစားသမားများသာ ဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း အသင်းရဲ့ လိုအပ်သည့်ပွဲများတွင် ပါဝင်ကစားခဲ့ကြောင်း၊ အဆင့်မြင့်တန်းတွင် အောင်မြင်မှုရအောင် အသင်းကို ယခုထက် ပိုကောင်းအောင်ကြိုးစားသွားမည်ဖြစ်ပါကြောင်း" ပြောကြားသွားသည်။ (ကြေးမုံ)

Air Bagan အသင်းမှ ရန်အောင်ဝင်း အမှတ်(၂) လျှပ်စစ်စွမ်းအားအသင်း နောက်ခံလူများကို ဖြတ်ကျော်ရန် ကြိုးစားစဉ်။

ပထမတန်း အမှတ်ပေးချန်ပီယံ Air Bagan ဘောလုံးအသင်း။

ဆိုင်ကယ်က ဆိုက်ကားကိုဝင်တိုက်၍ ဆိုက်ကားနင်းသူသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၂

သာကေတမြို့နယ် (၃/ရန်ပြေ)ရပ်ကွက် ယမုံနာလမ်းမရှိ အခွန်လွတ်ဈေးအနီး လမ်းပေါ်၌ ဇန်နဝါရီ ၂၉ရက် ည ၇နာရီခွဲခန့်က အောင်အောင်(၂၇)နှစ် (ဘ)ဦးတိုး ရန်ပြေအရှေ့(၂၁)လမ်း (၃/ရန်ပြေ)ရပ်ကွက် သာကေတမြို့နယ် မောင်းနှင်လာသော ကင်ဘို-၁၁၀ အမျိုးအစား အစိမ်းရောင် မော်တော်ဆိုင်ကယ်က ဦးသိန်းဌေး(၄၃)နှစ် (ဘ)ဦးသန်းစိန် အောင်သစ္စာ(၄)လမ်း (၄/တောင်)ရပ်ကွက် သာကေတမြို့နယ်နင်းလာသည့် ဆိုက်ကားကို တိုက်မိခဲ့ရာ ဦးသိန်းဌေးမှာ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ၊ နှာခေါင်း၊ ပါးစပ်နှင့် ယာဘက်နားသွေးထွက်ဒဏ်ရာများရရှိခဲ့သည်။ ဦးသိန်းဌေးအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့ရာ ဆေးရုံမှ အလောင်းအမှတ် ပီအာရ်-၀၀၅ ဖြင့် လက်ခံထားပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ အောင်အောင်အား ယာဉ်မှူစစ်က (ပ)သတင်းချက်အမှတ် ၇၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရားမဝင်ဗီစီဒီကူးယူဖြန့်ချိသူများအား သက်သေခံပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိ

ရန်ကုန် ဖေဖော်ဝါရီ ၂

မင်္ဂလာဒုံမြို့နယ်ရဲစခန်းမှ ဒုရဲအုပ်တင်မောင်ဝင်းနှင့်အဖွဲ့သည် သတင်းအရ ဇန်နဝါရီ ၂၉ရက် ည ၈နာရီခွဲတွင် သက်သေများနှင့်အတူ စံပြရပ်ကွက် ဩဘာလမ်းနေ သန်းတင်(၃၀)နှစ် (ဘ)ဦးရွှေပိုင် ပန်းနုရောင်တိပ်ခွေဖြန့်ချိရေးလုပ်ငန်းလုပ်ကိုင်သူ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင်ခိုးကူးထားသည့် ဗီစီဒီချပ်များတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး ဆက်လက်ဖော်ထုတ်ချက်အရ ည ၁၁နာရီ မိနစ် ၂၀ခန့်တွင် ပျဉ်းမပင်ကျေးရွာ ဗိုလ်ခြံလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်း ဝန်ထမ်းလိုင်းနေ ဦးလှဝင်း(ကျွမ်းကျင်-၄)၏ နေအိမ်အနောက်ဘက်တွင် တစ်လလျှင် ကျပ် ၅၀၀၀ ဖြင့် အခန်းငှားရမ်း၍ တရားမဝင်ခွေများကူးယူလျက်ရှိသော မျိုးအောင်(၂၇)နှစ် အမှတ်(၉၅) ဦးဘိုပုလမ်း ဘောလုံးကွင်းရပ်ကွက် ထောက်ကြန့် မင်္ဂလာဒုံမြို့နယ်ထံမှ ကွန်ပျူတာနှစ်လုံး၊ ဗီစီဒီကူးယူသည့် ဆက်စပ်ပစ္စည်းမျိုးစုံ၊ တရားမဝင်ကူးထားသည့် တရားဗီစီဒီ အချပ် ၃၀ နှင့် သီချင်းမျိုးစုံ ၁၃၅၀၊ စီဒီ ၅၀ ချပ်ပါအထုပ် ၂၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ထောက်ကြန့်ရဲစခန်းမှ သန်းတင်နှင့် မျိုးအောင်တို့အား မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရ အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရဲတပ်ဖွဲ့ဝင်များက မသင်္ကာသူအားမေးမြန်းစဉ် ရဲတပ်ဖွဲ့ဝင်အားထိုးကြိတ်ထွက်ပြေးသဖြင့် ဖမ်းဆီးအရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗိုလ်တထောင်မြို့နယ် ၁၀ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် သိမ်ဖြူလမ်းဆုံတွင် ဇန်နဝါရီ ၃၁ရက် နံနက် ၁နာရီခွဲခန့်က ဗိုလ်တထောင်ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်အောင်သူဟိန်းပါ တပ်ဖွဲ့ဝင်လေးဦးတို့ လှည့်ကင်းတာဝန်ထမ်းဆောင်စဉ် ဗိုလ်တထောင်မြို့နယ် အထက(၆)ကျောင်းဘေး၌ မသင်္ကာဖွယ်ရာ အမျိုးသားတစ်ဦးကို တွေ့ရှိစစ်ဆေးရာ ၎င်းက မေးမြန်းသူ ဒုတပ်ကြပ် ဇော်ထက်အား ထိုးကြိတ်ဆဲဆိုပြီး ထွက်ပြေးသွားခဲ့သည်။

၎င်းအား လိုက်လံဖမ်းဆီးခဲ့ရာ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့အရောက်တွင် ဝိုင်းဝန်းဖမ်းဆီးနိုင်ခဲ့ပြီး ယင်းသို့ဖမ်းဆီးစဉ် ပြန်လည်ခုခံထိုးကြိတ်မှုကြောင့် ဒုရဲအုပ်အောင်သူဟိန်းမှာ ဝဲဘက်မျက်လုံး ပွန်းပဲ့ဒဏ်ရာ၊ ယာဘက်လက်နာကျင်ဒဏ်ရာ၊ ဒုတပ်ကြပ်ဇော်ထက်မှာ ဝဲဘက်ဗိုက် နာကျင်ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များအား ကိုယ်ထိလက်ရောက်ကျူးလွန်သူ အောင်နိုင်ထွန်း(၂၇)နှစ် ခရေပင်လမ်း (၃၈)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အား ဗိုလ်တထောင်ရဲစခန်းမှ ယင်းနေ့ နံနက် ၉နာရီတွင် (ပ) သတင်းချက် အမှတ် ၃၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၃၃အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိမ်ထောင်စုစာရင်းအတုဖြင့် ထောက်ခံချက်လာယူသူ သက်ဆိုင်ရာက အမှုဖွင့်အရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဗိုလ်တထောင်မြို့နယ် အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဇန်နဝါရီ ၂၉ရက် ည ၇နာရီခန့်က မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက်နေ မောင်မြင့်သိန်း (၂၅)နှစ်သည် ဗိုလ်တထောင်မြို့နယ် (၉)ရပ်ကွက် (၄၃)လမ်း လိပ်စာပါ ဦးစိုးမြင့်ဟန်အတွက် နိုင်ငံကူးလက်မှတ်လျှောက်ထားရန် အိမ်ထောင်စုစာရင်းမိတ္တူဖြင့် ရပ်ကွက်တွင်းနေထိုင်ကြောင်း ထောက်ခံချက် လာရောက်တောင်းခံခဲ့သည်။ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အိမ်ထောင်စုစာရင်းကို မသင်္ကာသဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ ပို့အပ်စစ်ဆေးကြည့်ရှုရာ ယင်းဌာနမှ တရားဝင်ထုတ်ပေးထားသော အိမ်ထောင်စုစာရင်းမဟုတ်ကြောင်း သိရှိခဲ့ရသည်။ မောင်မြင့်သိန်းကို စစ်ဆေးရာ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်းဓာတ်ဆီဆိုင်အနီးတွင်နေထိုင်သည့် လှနိုင်ဦးဆိုသူကအိမ်ထောင်စု စာရင်းမိတ္တူဖြင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက် ရယူပေးရန် စေခိုင်းသောကြောင့် လာရောက်ယူရခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဗိုလ်တထောင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဘကျော်က ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ဗိုလ်တထောင်ရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့ရာ ရဲစခန်းမှ(ပ) သတင်းချက်အမှတ် ၃၆/၂၀၀၈၊ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၄၆၈ဖြင့် မြင့်သိန်းအား အမှုဖွင့်အရေးယူထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃၀ရက်ကကျင်းပသည့် ၂၀၀၈ခုနှစ် မြန်မာအိုးပင်း (တံခွန်စိုက်) လက်ရည်စစ် စစ်တုရင် ပြိုင်ပွဲတွင် ပထမဆုရရှိသော ကျော်ကျော်စိုးအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် နာယက ဦးကျော်သန်း ဆုချီးမြှင့်စဉ်။
(စစ်တုရင်အဖွဲ့ချုပ်)

ဥက္ကလာပစေတီဝင်းအတွင်း လူတစ်ဦးသေဆုံးနေ

ရန်ကုန် ဖေဖော်ဝါရီ ၂

တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် ဥက္ကလာပစေတီတော်ဝင်းအတွင်းတွင် ဇန်နဝါရီ ၃၁ရက် နံနက် ၇နာရီ ၅၅မိနစ်ခန့်က လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ တောင်ဥက္ကလာပရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် သက်သေများက သွားရောက်စစ်ဆေးခဲ့ရာ ဗောဓိပင်အနီး နဂါးရုံဘုရားဘေးရှိ ကျောက်ခုံပေါ်တွင် အသက် (၄၀)ခန့် (စိစစ်ဆဲ) အမျိုးသားတစ်ဦးမှာ ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရှိရသည်။

၎င်းမှာအရက်မူးပြီးအိပ်ပျော်ရာမှ အအေးပပ်သေဆုံးခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ အလောင်းကို သင်္ချိုင်းကျွန်းစံပြဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ပီအာရ်အမှတ် ၈၇ ဖြင့် လက်ခံခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ဥက္ကလာပရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၂/၂၀၀၈ ရေးဖွင့်ကာ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်/မဟုတ်စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

တရားမဝင်စက်သုံးဆီရောင်းချမှုဖမ်းဆီးအရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ ဒုရဲအုပ်ထွန်းလှိုင်နှင့်အဖွဲ့သည် တရားမဝင်စက်သုံးဆီများရောင်းချနေကြောင်းသတင်းအရ ဇန်နဝါရီ ၂၆ရက် မွန်းလွဲ ၁နာရီ မိနစ် ၅၀ခန့်တွင် တိုက်ကြီးမြို့နယ် လသာကုန်းကျေးရွာ ရန်ကုန်-ပြည်လမ်းနေ ကိုမျိုးမြင့် (၃၂)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေကြသည်ဟု သိရသည်။

ယင်းသို့ရှာဖွေရာတွင် ဒီဇယ်ဂါလန် ၁၀၀နှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရှိ သိမ်းဆည်းရမိသည်။ တိုက်ကြီးရဲစခန်းက(ပ)၃၅/၂၀၀၈အရေးကြီးကုန်ပစ္စည်း အက်ဥပဒေပုဒ်မ ၈(၁)ဖြင့် အမှုဖွင့်ပြီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၃၁)

မှုခင်းသတင်းများ

ပုဂံညောင်ဦးအသင်း (ရန်ကုန်) အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပုဂံညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း (၂)လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ရွှေနေချုပ်ရုံး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ မိဘများနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ သား၊ သမီးများစာရင်းကို အထောက်အထား၊အမှတ်စာရင်းမိတ္တူနှင့်တကွ နာယက ဦးဘစော ဖုန်း-၂၀၁၄၆၈၊ ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၇၇၇၀၂၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်သန်း ဖုန်း-၅၄၉၉၄၈၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမောင် ဖုန်း-၅၇၉၁၁၈၊ အတွင်းရေးမှူး ဦးသောင်းညွန့် ဖုန်း-၅၅၉၀၆၆၊ တွဲဖက်အတွင်းရေးမှူး ဦးဖိုးချို ဖုန်း-၅၄၅၃၂၃၊ ဦးကြည်မြင့် ဖုန်း-၂၉၉၇၄၈၊ ဦးယုတင် ဖုန်း-၃၈၀၉၀၈နှင့် ဦးသာဒွေး ဖုန်း-၇၂၈၈၃၂ တို့သို့ ဖေဖော်ဝါရီ ၁၁ ရက်နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

ပျဉ်ပုံကြီး အထက ကျောင်းခွဲ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်း ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာ အထကကျောင်း(ခွဲ) ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ တတိယအကြိမ်မြတ်ဆရာများအား ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အထက ကျောင်း(ခွဲ)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၁ ရက် ညတွင် မိတ်ဆုံစားပွဲ ကိုလည်းကောင်း၊ ၁၂ ရက် (ပြည်ထောင်စုနေ့) တွင် မြတ်ဆရာများအား ပူဇော်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးနှင့် မြတ်ဆရာများအား ပူဇော်နိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများက သဒ္ဓါအလျောက် လှူဒါန်းလိုက ဆရာ ဦးညွန့်တင် ဖုန်း-၅၄၀၉၁၇၊ ၀၉၅၁၈၈၀၄၃၊ ဦးအောင်မြင့်ကြည် ဖုန်း-၀၉၅၁၂၅၀၀၇၊ ၅၄၆၀၁၀၊ ဦးဆောင်းတင် ဖုန်း-၀၉၅၁၈၄၄၂၉၊ ဦးကျော်ဖုန်းမြင့် ဖုန်း-၀၉၅၁၆၅၈၅၄၊ ၅၅၆၈၇၆၊ ဦးအေးဝင်း ဖုန်း-၀၉၅၃၀၀၈၄၉၊ ဦးလင်းခန့်မင်း ဖုန်း-၀၉၅၃၀၂၃၈၇နှင့် ဦးသောင်းကြွယ် ဖုန်း-၀၉၅၃၀၀၉၂၅ တို့သို့ ဆက်သွယ်စာရင်းသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၀၆)

နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်ကကျင်းပရာ ကျောင်းအုပ်ကြီး ဒေါက်တာအောင်ကျော်လှိုင် ထူးချွန်ဆုရကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

အမြန်ရောင်းမည်

BNနှစ်ထပ်တိုက်(လူမနေရသေး)၊ရေမီးစုံ၊၂"အဝီစိတွင်း၊နှစ်(၆၀)ဂရမ်ပါ၊ ၄၀'x၆၀'ကွန်ကရစ်အပြည့်ခင်း၊၃၈'x ၃၈'ပတ်လည်နှစ်ထပ်၊ အရှေ့လှည့်၊ ကားဂိုဒေါင်ပါ၊ဘုရားခန်း၊ဧည့်ခန်း၊အိပ်ခန်း(၃)ခန်း၊ထမင်းစားခန်း၊ လျှာထိုးခင်း၊ကြွေကပ်၊ဝရန်တာ၊ ဖိနပ်ချွတ်၊မီးဖိုခန်း၊ရေချိုးခန်း၊အိမ်သာခန်း၊ ကြွေကပ်ခင်းပြည့်၊ဈေး၊ကျောင်း၊မှတ်တိုင်နီး၊တက္ကသိုလ်လာလမ်း၊ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊(၁၁)ရပ်ကွက်၊ခေါ်ဈေး(၃၄၀)သိန်း၊ဖုန်း၀၉၅၀၂၉၂၈၅

The VOICE Weekly

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ (၄) ရက်၊ တနင်္လာနေ့၊ အတွဲ(၄)၊ အမှတ်(၁၆)

- စုန်ကားတွေအမှန်တကယ်ထုတ်တာလား၊ အစိတ်အပိုင်းတွေတပ်ဆင်တာလားစစ်ဆေးနေပြီ၊
- ကျန်းမာရေးနဲ့မညီတဲ့အစားအစာနဲ့ ဆိုင်တွေ့ရင်အရေးယူမယ့် အနိမ့်ဆုံး၊ အမြင့်ဆုံးထောင်ဒဏ်၊ ငွေဒဏ်၊
- နာမည်ကျော် Iron Cross တေးဂီတ၏ ၂၀၀၈ တေးစီးရီးသစ်ရိုက်ကူးပြီ၊
- မိနစ်ပိုင်းအတွင်းထုတ်ယူနိုင်တဲ့ တက္ကသိုလ်ဝင်တန်းရမှတ်၊
- ရွှေပေါင်လက်ခံရာမှ လက်ဖွဲ့နိုပ်စိုင်းရတဲ့အကြောင်းအရင်း၊
- မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ့် မလေးရှားဆက်သွယ်ရေးကုမ္ပဏီ၊
- ကားမှောက်ရာမှာသေဆုံးသွားသူတွေကို ကားသင်းကပေးတဲ့နစ်နာကြေး၊
- ရန်ကုန်ကျောက်စိမ်းဈေးကွက်ဘာကြောင့် ရောင်းအားကျတာလဲ၊
- ကားဈေးတွေဒီတစ်ပတ် ဆက်ကျသွားသေးလား၊
- တရုတ်နှစ်သစ်ကူး အထူးအစီအစဉ်ရှိတဲ့ ဆူပါမားကက်တွေ၊
- ထိုင်းနိုင်ငံက စီစဉ်ရိုက်ကူးတဲ့ဗုဒ္ဓဝင် ကာတွန်းရုပ်ရှင်၊
- 'အလိုမရှိတာသေချာရင် ကျွန်တော်ထွက်ပေးမယ်' လို့ပြောတဲ့ မူရာရက်ဖ်၊
- ၂၀၀၈ ဟာ အထိမခံနုနယ်သေးတဲ့ ဆူပါပါဝါတရုတ်ရဲ့နှစ်ဖြစ်မလား၊

ထွက်ပြီ

အမျိုးသမီး ပရိယတ္တိ အာဂုံပြန်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း အလယ်တောရကျောင်းတိုက်အတွင်းရှိ သမိဒ္ဓေါဒယ မော်လမြိုင် သီလရှင်စာသင်တိုက်တွင် (၆၄) ကြိမ်မြောက် ရန်ကုန်တိုင်းလုံးဆိုင်ရာ အမျိုးသမီး ပရိယတ္တိ အာဂုံ စာပြန်ပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပရာ သီလရှင်များနှင့် လူပုဂ္ဂိုလ် အမျိုးသမီးများ စုစုပေါင်း ၄၀၀ ကျော် ဝင်ရောက်ပြန်ဆိုကြသည်။**(ယာပုံ)** (ကြေးမုံ)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

INFO-WEEK @ YIUS

- နိုင်ငံတကာရှိတက္ကသိုလ်များ၏ တက္ကသိုလ်ပထမနှစ်သို့ တိုက်ရိုက်ဝင်ခွင့်ရရန်အတွက် မြန်မာ နိုင်ငံတွင် အထက်တန်း အောင်မြင်ပြီးသူများလိုအပ်သည့် Foundation Course သင်တန်း
- အင်္ဂလိပ်စာကိုအခြေခံမှစ၍ တတ်မြောက်လိုသူများနှင့် နိုင်ငံတကာရှိ တက္ကသိုလ်များသို့ တက်ရောက်လိုသူများအတွက် Pre-University English (4 Skills) သင်တန်းများ
- IELTS (Advanced Level) သင်တန်း
- နိုင်ငံတကာပညာရေးတိုင်ပင်အကြံပေးခြင်း(Educational Counseling & Advice) စသည်တို့ နှင့် ပတ်သက်၍ INFORMATION WEEK ပြုလုပ်မည်ဖြစ်ပါသည်၊

Time : 10:00 am – 4:00 pm
Date : 4th to 9th February 2008
Place : Room(4), Building (7), Myanmar Info Tech, Hlaing Campus

"သင်တန်းများအားလုံးကို 18th February တွင်စတင်ဖွင့်ပါမည်။"

Contact us at: 652311, 652297

သက်တမ်းရှည်ကြာခြင်းနှင့်တည်မြဲခြင်း၊ (၁၅)နှစ်ပြည့်အထူး
ဘာ သာ စုံ ဂု ဏ် ထူး ရှ င် တို့ ၏

- စည်းကမ်းစနစ်ကောင်းမွန်ရေးသည် ပထမ
- ပညာ ထူးချွန် ထက်မြက်ရေးသည် အဓိက
- နေထိုင် စားသောက်မှု အဆင့်ရှိမှုသည် ပဓာန

မြမြင်းမိုရ် ကျောင်း ကြိုအပ်လက်ခံပြီ။

- ဦးရေကန့်သတ်ထားပါသည်။
- မတ်လဆန်းစမည်။
- ကျောင်းကား(Ferry)ဖြင့် ပို့ပေးသည်။

လေ့ကျင့်ရေးသင်ကြားမှု

(ကျောင်းသား/ကျောင်းသူသီးသန့်ခြံကြီးဝန်းကျယ်)
ခြံ-၃၊မြစပယ်လမ်းသွယ်၊ပါရမီ၊ရန်ကင်းမြို့နယ်၊Ph:664389,661556

- ဝါရင့်ဆရာများဖြင့်လေ့ကျင့်ပေးသည်၊
- စနစ်တကျအနီးကပ်လေ့ကျင့်ပေးမည်၊
- GCE အဆင့်အထိလေ့ကျင့်ပေးမည်၊

သင့်အနာဂတ်အောင်မြင်မှုအတွက် အကောင်းမွန်ဆုံးသော ရွေးချယ်ရာ

မဟာမြကျွန်းသာ အကယ်ဒမစ်စင်တာ

အချိန်ပြည့် လေ့ကျင့် သင်ကြားမှုအစီအစဉ်
တစ်နှစ်ပတ်လုံး စနစ်တကျလေ့ကျင့်၊ ပြည့်စွက်ပံ့ပိုးပေးမှုအစီအစဉ်
GCE မေးခွန်းများ၊ ကျောင်းပေါင်းစုံမေးခွန်းများအား
တစ်နှစ်ပတ်လုံး ပြေဆိုလေ့ကျင့်ပေးမှုအစီအစဉ်များဖြင့်
သင့်ပညာရေးအတွက် အမှန်တကယ် အကျိုးရှိစေပါသည်။

MMAC ပညာရိပ်သာ

EAGLE Color Separation

- အချိန်နှင့်တစ်ပြေးညီ ရိုက်နှိပ် ထုတ်ဝေနေရသော လူကြီးမင်းတို့၏ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် ပုံနှိပ်ခြင်းဆိုင်ရာလုပ်ငန်းများမှ ဖလင်ကာလာခွဲခြင်းအတွက်
- ဈေးနှုန်းသက်သာခြင်း၊အချိန်ကုန်သက်သာခြင်း၊ဖလင်အရည်အသွေး ကောင်းမွန်ခြင်း စသည် တို့ကိုရရှိနိုင်စေရန် EAGLE Color Separation သို့ ကြွလှမ်းခဲ့ပါ။

24 Hours Services

- အချိန်အမြန်ဆုံးနှင့် အကောင်းဆုံး ဝန်ဆောင်မှု တို့ဖြင့် (၂၄) နာရီကြိုဆိုနေမှာပါ။

No.180, 31st Street (Upper),Pabedan Tsp, Yangon, Ph; 707299,374330

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၀)၊ လူနေရပ်ကွက် အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်-၅၆/က၂၊ မြေဧရိယာ (၀ဒသမ ၁၆၁)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၊ ဦးထွန်းငြိမ်းလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေစာရင်းတွင် ဗိုလ်မှူးကြီးသန်းလွင်နှင့် ဒေါ်မြသန်းတို့ ပူးတွဲအမည်ပေါက်ပြီး ဗိုလ်မှူးကြီးသန်းလွင် ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်မြသန်းထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာချက်ပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နေ့ နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ်(တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၃၀(ပထမထပ်)၊ ၄၄လမ်း၊ ရန်ကုန်မြို့.
ဖုန်း-၂၉၆၁၃၂၊ ၂၉၈၅၄၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၈၂)၊ မြေကွက်အမှတ် (၁၀အိုင်/၁)တို့အရ မြေဧရိယာ (၀ဒသမ၂၀၅) ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့/မြေစာရင်းတွင် ဒေါ်တင်ဝါဝါဦး အမည်ပေါက်ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နေ့နောက်ပိုင်းတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို တရားဝင်ပြုလုပ် ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ်(တရားရုံးချုပ်ရှေ့နေ)
YE NOOS & ASSOCIATES(Law Firm)
အမှတ်-၃၀(ပထမထပ်)၊ ၄၄-လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၂၉၈၅၄၁

လင်မယားကွာရှင်းပြီးစီးခြင်း

ကျွန်မ မမြတ်သင်းအေး [၁၂/ပဘတ(နိုင်)၀၃၀၄၂၂]နှင့် ကိုသိန်းထွန်းအောင် [၁၂/တမန(နိုင်)၀၀၀၈၄၈] (CDC 32907)တို့သည် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိ ဦးသိန်းတန် ရှေ့မှောက်တွင် ၁၂-၁၀-၂၀၀၇ နေ့က နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်တွင် လက်မှတ်ထိုးပြီး ပစ္စည်းခန်းကို ရှင်းလင်းရန် နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ ၇-၁-၂၀၀၈ နေ့တွင် ပစ္စည်းခန်းနှင့် စပ်လျဉ်း၍ အပြီးအပြတ်ရှင်းလင်းပြီးစီးပြီဖြစ်ပါသဖြင့် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦးကြား ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း၊ ပစ္စည်းခန်းတွင်သော်လည်းကောင်း မည်သို့မျှ ပတ်သက်ဆက်စပ်မှု တစ်စုံတစ်ရာ မရှိတော့ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်)

မြတ်သင်းအေး A၊5/403၊ နှင်းဆီလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့.

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ☆ တည်ငြိမ်မှုကို လိုလားသည်
- ☆ အေးချမ်းမှုကို လိုလားသည်
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဓနုတ်စေတီတော်၌ တင်လှူပူဇော်မည့် ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်း ဒလမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ဓနုတ်စေတီတော်၌ တင်လှူပူဇော်မည့် ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် စတုတ္ထအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၆ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ရှိ စေတနာသမ္မာရဝတ်အသင်း တန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ မဟာအောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဓနုတ်စေတီတော် ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီနာယကများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီး ကိုးပါးတို့က ရှေးဟောင်းသမိုင်းဝင် ဓနုတ်စေတီတော်၌ တင်လှူပူဇော်မည့် ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ မဟာအောင်မြေ ဘုံစံကျောင်းဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသော ပရိတ်တရားတော်များကို နာယူကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✡

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ထုတ်လွှင့်ပေးနေသော MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ၏ ထုတ်လွှင့်မှုအင်အားကို အဆင့်မြှင့်တင်ဆောင်ရွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ထုတ်လွှင့်ပေးလျက်ရှိရာ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် Digital စနစ်ဖြင့်လည်းကောင်း၊ MRTV-4 (Free to Air) ရုပ်သံလိုင်းကို Analog စနစ်ဖြင့်လည်းကောင်း ထုတ်လွှင့်ပေးလျက်ရှိသည်။ ယခုအခါအဆိုပါရုပ်သံလိုင်းများကို ထုတ်လွှင့်ပေးနေသည့်စက်ပစ္စည်းများအား လွှင့်အားပိုမိုကောင်းမွန်စေရန်အတွက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၅ ရက်မှ ၈ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေစဉ်အတွင်း MRTV-4 နှင့် အချို့သော ဆက်စပ်ရုပ်သံလိုင်းများကို Digital စနစ်ဖြင့် ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး အချို့သောဆက်စပ်ရုပ်သံလိုင်းများနှင့် Analog စနစ်ဖြင့်ထုတ်လွှင့်ပေးလျက်ရှိသော MRTV-4 (Free to Air) ရုပ်သံလိုင်းတို့ကိုထုတ်လွှင့်မှု ခေတ္တရပ်ဆိုင်းထားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၉ ရက်မှစ၍ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများအားလုံးနှင့် MRTV-4(Free to Air) ရုပ်သံလိုင်းတို့ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ပိုမိုကောင်းမွန်သော ရုပ်သံအရည်အသွေးဖြင့် ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရှေးဟောင်းသမိုင်းဝင် ဓနုတ်စေတီတော် ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရေးလုပ်ငန်း ကော်မတီ နာယက၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ဓနုတ်စေတီတော်အတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

- ☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
- ☆ BBC ညာနေသည်
  VOA လိမ်နေသည်
  RFA ရန်တိုက်ပေးနေသည်
- ☆ အဲဒီ ဝေသာလီပုဏ္ဏားများ(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား